# ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်

သင်ခန်းစာ တစ်

ပေါလုနှင့်သူ၏ဓမ္မပညာ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 *Live Oaks Blvd., Casselberry, Florida* 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် *Good News Publishers* ၏ အမှုတော်တစ်ခုဖြစ်သော *Crossway* ၏ 2001 ခုနှစ် ထုတ် *ESV (English Standard Bible)* သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။  ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း *501 C (3)* အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။  ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။  ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ *www.thirdmill.org* သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

ယဉ်ကျေးမှုဆိုင်ရာနောက်ခံ ........ 2

**ယုဒယဉ်ကျေးမှု ........ 2**

မပြောင်းလဲမီ ........ 2

ပြောင်းလဲပြီးနောက် ........ 4

**တစ်ပါးအမျိုးသားယဉ်ကျေးမှု ........ 7**

တမန်တော်ဆိုင်ရာအမှုတော် ........ 10

**အရိုက်အရာ ........ 10**

**အမှုတော် ........ 12**

ပထမခရီးစဉ် ........ 13

ဒုတိယခရီးစဉ် ........ 13

တတိယခရီးစဉ် ........ 14

စတုတ္ထခရီးစဉ် ........ 15

**ရေးသားချက်များ ........ 16**

အဓိကရှုမြင်သုံးသပ်ချက် ........ 19

**ပြုပြင်ပြောင်းလဲရေး ........ 20**

**နောက်ဆုံးသောကာလဆိုင်ရာ ........ 21**

အသုံးအနှုန်း ........ 22

ဖွဲ့စည်းပုံ ........ 24

ပတ်သက်မှုများ ........ 32

နိဂုံး ........ 39





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

သင့်အနေဖြင့်ကောင်းစွာရင်းနှီးသည်ဟုထင်သည့် မိတ်ဆွေတစ်ဦး၏သင်သတိမထားမိသည့် အခြားတစ်ဘက်ခြမ်းကို တွေ့ဖူးပါသလား။ ခရစ်ယာန်များအနေဖြင့် တမန်တော်ပေါလုနှင့်ပတ်သက်၍ အလေးအနက်ထားကာ လေ့လာသောအခါဤအရာမျိုးဖြစ်တတ်ပါသည်။ ခရစ်ယာန်အများစုသည် ပေါလုနှင့် သူ၏ဩဝါဒစာများကို ရင်းနှီးကြသည်။ ကျွန်ုပ်တို့သည် သူ၏ဩဝါဒစာများကိုအခြေခံသည့် တရားဒေသနာများစွာကိုကြားရပြီး၊ ကျမ်းစာသင်အံမှုများတွင် ၎င်းတို့ကိုအာရုံစိုက်လေ့ရှိသည်။ သူသည် ရင်းနှီးသောမိတ်ဆွေတစ်ဦးကဲ့သို့ နည်းလမ်းများစွာဖြင့်ကျွန်ုပ်တို့ခံစားရသည်။ သို့သော် ပေါလု၏ အသက်တာနှင့်ဓမ္မပညာကို ပိုမိုနက်ရှိုင်းစွာ ကျွန်ုပ်တို့တူးဆွလေ့လာသောအခါ၊ ယခင်က ကျွန်ုပ်တို့သတိမပြုမိသည့် သူ၏အခြားတစ်ဘက်ခြမ်းကို မကြာခဏတွေ့ရသည်။

ဤအခန်းဆက်သင်ခန်းစာကို ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်ဟု ခေါင်းစဉ်တပ်ထားပါသည်။ ဤအခန်းဆက်သင်ခန်းစာတွင်၊ တမန်တော်၏ဓမ္မပညာဆိုင်ရာအမြင်များ၏ဗဟိုချက် သို့မဟုတ် အဓိကအချက်ကို ကျွန်ုပ်တို့ရှာဖွေပါမည်။ ဤပထမသင်ခန်းစာကို “ပေါလုနှင့်သူ၏ဓမ္မပညာ” ဟုခေါ်သည်။ ထို့ပြင် ပေါလု၏အသက်တာနှင့် အကျွမ်းတဝင်ဖြစ်လာခြင်းသည် သူ၏ဓမ္မပညာ၏အရေးကြီးဆုံးနှင့် ဩဇာအရှိဆုံးအစိတ်အပိုင်းများကို သဘောပေါက်နိုင်ရန်ကူညီပေးပုံကို ကျွန်ုပ်တို့လေ့လာပါမည်။

အဓိက အကြောင်းအရာသုံးခုကို ဆွေးနွေးပါမည်။ ဦးစွာ၊ သူ၏နောက်ခံသည် သူ၏ခရစ်ယာန်ယုံကြည်ချက်များအပေါ် နက်ရှိုင်းစွာလွှမ်းမိုးပုံကိုသိနိုင်ရန်၊ ပေါလု၏ယဉ်ကျေးမှုနောက်ခံဆိုင်ရာအရေးကြီးသောကဏ္ဍအချို့ကို လေ့လာပါမည်။ ဒုတိယ၊ တမန်တော်တစ်ဦးအနေဖြင့် ပေါလု၏ယုံကြည်ချက်များသည် သူ၏အမှုတော်နှင့် မည်သို့ဆက်စပ်သည်ကိုကြည့်ရှုပါမည်။ တတိယ၊ ပေါလုသည် သူယုံကြည်သည့် အခြားအရာများစွာအပေါ်အခြေခံထားသည့် အရေးကြီးသောအယူအဆများနှင့် ပတ်သက်သည့် သူ၏ဓမ္မပညာဆိုင်ရာအဓိကအမြင်များကို ဖော်ထုတ်ပါမည်။ ပေါလု၏ယဉ်ကျေးမှုဆိုင်ရာနောက်ခံကို လေ့လာကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ယဉ်ကျေးမှုဆိုင်ရာနောက်ခံ

ဤကိစ္စရပ်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ယေဘုယျအတွေ့အကြုံသည် ဘုရားသခင်၊ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ ကမ္ဘာလောကကြီးအကြောင်း ကျွန်ုပ်တို့၏ယုံကြည်ချက်များအပေါ် လွှမ်းမိုးသည်ကို ကျွန်ုပ်တို့အားလုံးသိကြပါသည်။ ဓမ္မပညာကိုမည်သူမျှ လေဟာနယ်တွင်ဖွံ့ဖြိုးတိုးတက်ရန် မပြုလုပ်ပါ၊ ဤသည်မှာ တမန်တော်ပေါလု၌လည်း မှန်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ပေါလုအား ခရစ်ယာန်ယုံကြည်ခြင်း၏အမှန်တရားသို့ပို့ဆောင်ပေးသော်လည်း၊ ဝိညာဉ်တော်သည် ပေါလု၏ယဉ်ကျေးမှုနောက်ခံဆိုင်ရာကဏ္ဍများကိုလည်း သမ္မာတရားသို့ပို့ဆောင်ခြင်းလုပ်ငန်းစဉ်တွင် အသုံးပြုခဲ့သည်။ ဆိုလိုသည်မှာ ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်ကို ကျွန်ုပ်တို့နားလည်လိုပါက သူ၏နောက်ခံနှင့် အကျွမ်းတဝင်ရှိရန် လိုအပ်သည်။

ဝမ်းနည်းဖွယ်ရာမှာ၊ ပေါလု၏ပုဂ္ဂိုလ်ရေးဆိုင်ရာနောက်ခံအကြောင်း အသေးစိတ်အချက်အလက်များကို ကျွန်ုပ်တို့မသိသော်လည်း၊ ပြင်းထန်သောယဉ်ကျေးမှုလွှမ်းမိုးမှုနှစ်ခုအောက်တွင် သူကြီးပြင်းလာသည်ကိုမူ ကျွန်ုပ်တို့သိပါသည်။ တစ်ဖက်တွင် ယုဒယဉ်ကျေးမှုသည် သူ့အားများစွာထိခိုက်စေခဲ့သည်။ အခြားတစ်ဖက်တွင်၊ တစ်ပါးအမျိုးသားများ၊ ဂရိ-ရောမယဉ်ကျေးမှုနှင့်သူ၏ထိတွေ့မှုသည် သူ့ကိုသိသာထင်ရှားသော နည်းလမ်းများဖြင့် အကျိုးသက်ရောက်စေခဲ့သည်။ ယုဒယဉ်ကျေးမှုသည် တမန်တော်ပေါလုကို မည်သို့လွှမ်းမိုးခဲ့သည်ကို ကြည့်ကြပါစို့။

## ယုဒယဉ်ကျေးမှု

ပေါလုသည် ယေရှု၊ သူ၏အခြားတမန်တော်များနှင့် ပထမရာစုခရစ်ယာန်များကဲ့သို့ ယုဒလူမျိုးတစ်ဦးဖြစ်ကြောင်း မျက်မှောက်ကာလခရစ်ယာန်များ မကြာခဏမေ့လျော့တတ်သည်။ သူ၏ကာလရှိ အခြားသောယုဒများကဲ့သို့ပင်၊ ဣသရေလ၏ဓလေ့ထုံးတမ်းများသည် သူ့ဘဝ၏ကဏ္ဍအားလုံးတွင် သက်ဆိုင်ခဲ့သည်။ ပေါလု၏ယုဒလူမျိုးဆိုင်ရာကြီးပြင်းလာမှုသည် သူ၏ယုံကြည်ချက်အယူအဆများ၊ သူ၏နေ့စဉ်အမူအကျင့်များ၏ ဦးစားပေးမှုများနှင့် ယုံကြည်ခြင်းနှင့်ပတ်သက်သည့် သူ၏စိတ်ပိုင်းဆိုင်ရာကတိကဝတ်များ၏အတိမ်အနက်အပေါ် သက်ရောက်မှုရှိသည်။ ထို့အတွက်ကြောင့်၊ သူ့အပေါ်တွင်ရှိနေသော ယုဒလူမျိုးဆိုင်ရာအမွေအနှစ်များ၏ဩဇာလွှမ်းမိုးမှုကို ကျွန်ုပ်တို့လျစ်လျူရှုပါက၊ သူ၏ဓမ္မပညာဆိုင်ရာအဓိကအချက်ကို ကျွန်ုပ်တို့လွဲချော်သွားဖွယ်ရှိသည်။

### မပြောင်းလဲမီ

ပေါလု၏ယုဒယဉ်ကျေးမှုသည် သူ့အတွက် မည်မျှအရေးကြီးသည်ကို အနည်းဆုံးနည်းလမ်းနှစ်ခုဖြင့် ကျွန်ုပ်တို့မြင်နိုင်သည်။ တစ်ဖက်တွင်၊ ပေါလုသည် ခရစ်ယာန်ယုံကြည်ခြင်းသို့ မပြောင်းလဲမီ၊ သူ၏ယုဒအမွေအနှစ်များကို အလွန်သတိထားခဲ့ကြောင်း ဓမ္မသစ်မှတ်တမ်းက ထင်ရှားစွာဖော်ပြသည်။ သူ၏

လူငယ်ဘဝအကြောင်း သူကိုယ်တိုင်ဖော်ပြချက်က သူသည် ယုဒဘာသာကို အခိုင်အမာယုံကြည်ခဲ့ကြောင်း ဖော်ပြသည်။ ဥပမာ၊ ဖိလိပ္ပိ ၃:၅ တွင် ဤသို့ဆိုခဲ့သည်_

> ငါသည်ရှစ်ရက်မြောက်သောနေ့၌ အရေဖျားလှီးခြင်းကိုခံရ၏။
> ဣသရေလအမျိုး၊ ဗင်္ယာမိန်အနွယ်ဖြစ်၏။ ဟေဗြဲလူမှဆင်းသက်သော
> ဟေဗြဲလူစစ်ဖြစ်၏။ တရားအားဖြင့်ဖာရိရှဲဖြစ်၏ (ဖိလိပ္ပိ ၃:၅)။

ပေါလုသည် ဣသရေလ၏ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ရန် လုံးဝဆက်ကပ်အပ်နှံထားသော ဘာသာရေးရှေးရိုးစွဲသူတစ်ဦးဖြစ်သည်။ ဂလာတိ ၁:၁၄ တွင် ပေါလုသည် သူ့ကိုယ်သူ ဖော်ပြပုံကို နားထောင်ပါ_

> ဘိုးဘေးတို့၏လက်မှ ငါခံရသောနည်း ဥပဒေသဘက်၌
> အထူးသဖြင့်စိတ်အားသန်လျက်၊ ငါ၏လူမျိုးထဲတွင်
> ငါ့ရွယ်တူချင်းအများတို့ထက် ယုဒဘာသာကိုကျင်လည်
> လေ့ကျက်ကြောင်းကိုငင်း သင်တို့ကြားသိကြရပြီ (ဂလာတိ ၁:၁၄)။

မပြောင်းလဲမီတွင်၊ ယုဒဘာသာအတွက် ပေါလု၏စိတ်အားထက်သန်မှုသည် အလွန်ကြီးမားသဖြင့် ခရစ်ယာန်အသင်းတော်အား အယူမှားသောယုဒလူမျိုးအဖြစ် အကြမ်းဖက်နှိပ်စက်ညှဉ်းပန်းခဲ့သည်။

ယင်းအပြင်၊ ပေါလုသည် ယုဒဘာသာ၏ထုံးတမ်းစဉ်လာများတွင် အဆင့်မြင့်မားစွာပညာသင်ကြားခဲ့သည်။ တမန်တော် ၂၂:၃ အရ၊ သူသည် ယေရုရှလင်မြို့ရှိ အကျော်ကြားဆုံးရဗ္ဗိဆရာတစ်ဦးဖြစ်သည့် ဂါမလျေလ၏တပည့်တစ်ဦးဖြစ်သည်။ ပေါလုသည် မသိနားမလည်သော တယူသန်သမားဖြစ်ခြင်းထက်၊ ယုဒဓမ္မပညာနှင့် သမ္မာကျမ်းစာကို နားလည်သဘောပေါက်ရန် အလွန်လေ့လာသူဖြစ်ပြီး ခေတ်မီသူဖြစ်သည်။

> တမန်တော်ပေါလုသည် ထက်မြက်သောသူ၊ ဓမ္မပညာရှင်ဖြစ်သည်။
> ဆရာဂါမလျေလထံ၌ ပညာသင်ကြားခဲ့သည်။ ထို့နောက်၊ ဓမ္မပညာရှင်တစ်ဦး
> အနေဖြင့် ယေရုရှလင်မြို့၌ဖြစ်ပျက်နေသည့်အရာများကိုမနှစ်သက်ဘဲ၊
> ယုဒဘာသာကို အလွန်ယုံကြည်သောကြောင့် အသင်းတော်ကို ညှဉ်းပန်းနှိပ်စက်
> ခဲ့သည်။ သူကိုယ်တိုင် ဤသို့ဆိုသည်– သင်ဖတ်ရန်အချိန်ရှိလျှင်၊ ဖိလိပ္ပိ ၃ တွင်
> သူကိုယ်တိုင် မည်သို့ဖော်ပြသည်ကို တွေ့မြင်ရလိမ့်မည်— ဗင်္ယာမိန်အနွယ်၊
> ဖာရိရှဲတစ်ဦး၊ ပညတ်တရားကိုစောင့်ထိန်းသူဖြစ်သောကြောင့် အလွန်ထက်မြက်
> ပြီး တရားတော်ကိုသေချာစွာ လေ့လာခဲ့သူပါရမီရှင်ဖြစ်သည်။ ထို့နောက်၊
> သခင်ဘုရားသည် ဒမာသက်မြို့လမ်း၌ သူ့ကိုပြောင်းလဲစေသောအခါ၊ သူ၏
> ထက်မြက်မှုအား ဧဝံဂေလိတရားကို ခုခံကာကွယ်ပြီး၊ ဖြန့်ကျက်နိုင်စေရန်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အသုံးချခဲ့သည်။သူသည် တရားတော်၏အစိတ်အပိုင်းတိုင်းကို နားလည်ပြီး၊ ထက်မြက်သော ဓမ္မပညာရှင်ဖြစ်သောကြောင့် အလွန်လျင်မြန်စွာ ရှင်းပြနိုင်ခဲ့သည်။
>
> **— Prof. Mumo Kisau**

## ပြောင်းလဲပြီးနောက်

အခြားတစ်ဖက်တွင်၊ ယုဒယဉ်ကျေးမှုသည် ခရစ်ယာန်တစ်ဦးမဖြစ်မီ သူ့အတွက်အရေးမကြီးပါ။ ပြောင်းလဲပြီးနောက် ဤတူညီသော အမွေအနှစ်အတွက် သူသည်အလွန်အကြွေးတင်နေခဲ့သည်။ ဥပမာ၊ ခရစ်ယာန်တစ်ဦးအနေဖြင့်ပင် ပေါလုသည် ယုဒဓလေ့ထုံးတမ်းများစွာကို ဆက်လက်ထိန်းသိမ်းခဲ့သည်။ ၁ ကောရိန္သု ၉:၂၀ တွင်ပြောခဲ့သည့်အတိုင်း_

> ယုဒလူတို့ကိုရခြင်းအလိုငှါ ယုဒလူတို၌ယုဒလူကဲ့သို့ဖြစ်၏။ ပညတ်တရားကိုကိုယ်တိုင် မဆည်းကပ်သော်လည်း၊ ပညတ်တရားကို ဆည်းကပ်သောသူတို့ကို ရခြင်းအလိုငှါ၊ ပညတ်တရားကို ဆည်းကပ်သောသူတို၌ ပညတ်တရားကိုကျင့်သောသူကဲ့သို့ဖြစ်၏ (၁ ကောရိန္သု ၉:၂၀)။

ခရစ်ယာန်ဖြစ်သောပေါလုသည် ယုဒလူများကြား ခရစ်တော်၏ဧဝံဂေလိတရားကို ပြန့်ပွားစေရန် ဘိုးဘေးများ၏ထုံးတမ်းစဉ်လာများကို ဂရုတစိုက်လိုက်နာခဲ့ကြောင်းကို ဓမ္မသစ်ကျမ်းတွင် အကြိမ်များစွာ မှတ်တမ်းတင်ထားသည်။ ခရစ်တော်ကိုယုံကြည်ခြင်းကြောင့် ယုဒလူများသည် ပေါလုကို ပြင်းထန်စွာ နှိပ်စက်ညှဥ်းပန်းပြီးနောက်ပင်လျှင်၊ ပေါလု၏လူမျိုးရေးဝိသေသလက္ခဏာနှင့် သစ္စာစောင့်သိမှုသည် အလွန်ပြင်းထန်သောကြောင့် ထိုသူတို့အားကယ်တင်ရန် အလွန်လိုလားဆဲဖြစ်သည်။ ရောမ ၉:၂-၅ တွင် တွေ့ရသော ယုဒလူမျိုးချင်းများအကြောင်း ပေါလုဖော်ပြပုံနားထောင်ပါ_

> ငါသည် အလွန်ဝမ်းနည်းခြင်းရှိ၏။ စိတ်နှလုံးထဲ၌ မခြားမလပ်ပူပန်ခြင်းဝေဒနာ ရှိ၏။ အကြောင်းမူကား၊ ဇာတိအားဖြင့် ငါ့အမျိုးသားချင်းဖြစ်သော ငါ့ညီအစ်ကိုတို့အတွက်၊ ငါသည်ကိုယ်တိုင် ခရစ်တော်နှင့်ခွါ၍ ကျိန်ခြင်းကိုခံချင်လောက်အောင် စိတ်ရှိ၏။ ထိုသူတို့သည် ဣသရေလလူဖြစ်၍ သားအရာ၌ ချီးမြှောက်ခြင်းနှင့်၎င်း၊ ဘုန်းအာနုဘော်တော်နှင့်၎င်း၊ ပဋိညာဉ်တရားတို့နှင့်၎င်း၊ ပညတ်တရားထားခြင်းနှင့်၎င်း၊ ဝတ်ပြုခြင်းနှင့်၎င်း၊ ကတိတော်တို့နှင့်၎င်း ဆိုင်ကြ၏ ဘိုးဘေးများတို့နှင့်ဆက်နွယ်သောသူလည်း ဖြစ်ကြ၏။ ခရစ်တော်သည်လည်း၊ ဇာတိအမျိုးအားဖြင့် ထိုသူတို့၏ အမျိုးဖြစ်တော်မူ၏။ ထိုခရစ်တော်သည်လည်း ခပ်သိမ်းသောအရာတို့ကို

အစိုးရတော်မူ၍ ထာဝရမင်္ဂလာရှိတော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။
အာမင် (ရောမ ၉း၂-၅)။

ပေါလု၏ယုဒလူမျိုးနောက်ခံသည် အရေးကြီးသောမေးခွန်းတစ်ခု ထွက်ပေါ်လာစေသည်။ သူ၏ယုဒအမွေအနှစ်များသည် သူ၏ခရစ်ယာန်ဓမ္မပညာအပေါ် မည်သို့လွှမ်းမိုးခဲ့သနည်း။ ဤသြဇာလွှမ်းမိုးမှုကို သူရေးခဲ့သည့်စာများတွင် နည်းလမ်းများစွာဖြင့် တွေ့မြင်နိုင်သော်လည်း၊ အချက်နှစ်ချက်သည် မှတ်သားထားရန် အထူးအရေးကြီးသည်။

ရှေးဦးစွာ၊ ယုဒလူမျိုးတစ်ဦးနှင့် ယုဒလူမျိုးခရစ်ယာန်တစ်ဦးအနေဖြင့် ပေါလုသည် ဓမ္မဟောင်းကျမ်းများ၏အခွင့်အာဏာကို ယုံကြည်ခဲ့သည်။ ၎င်းတို့ကို သီးသန့်ဖယ်ထားခြင်းမရှိပဲ ယုံကြည်ပြီးနာခံခဲ့သည်။ ဓမ္မဟောင်းကျမ်း၏သွန်သင်ချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်သော မည်သည့်အရာကိုမျှ ပေါလုယုံကြည်မည်မဟုတ်ပါ။

ရှင်ပေါလုသည် ဂျူးလူမျိုးဖြစ်သည်။ သူသည် အစဉ်အမြဲ ဂျူးလူမျိုးဖြစ်ခဲ့သည်။ သူ၏နောက်ခံမှာ ယုဒလူမျိုးဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ၊ ပါလက်စတိုင်းတွင်မဟုတ်၊ အရပ်ရပ်ဟုခေါ်သည့် ယုဒလူမျိုးများနေထိုင်သည့် ဂရိကမ္ဘာ၏အစိတ်အပိုင်းတစ်ခုဖြစ်သည့် တာရှုမြို့၌ မွေးဖွားခဲ့သူသည် သူ၏ယုဒလူမျိုးဝိသေသလက္ခဏာနှင့် ယုဒလူမျိုးဖြစ်ခြင်းကို ထိန်းသိမ်းထားပါသည်...ဂလာတိသြဝါဒစာတွင် သူ၏နောက်ခံသမိုင်းကြောင်းကို ပြောပြသောအခါ၊ သူသည် ဘိုးဘေးများကိုသိက္ခမ်းခြင်းတွင် သူ၏ရွယ်တူချင်းများထက်သာလွန်သည်ဟုပြောခဲ့သည်။ ထိုနေရာတွင် ယုဒဘာသာအကြောင်းကိုလည်း သူပြောသည်။ ဟေဗြဲကျမ်းစာ၏သွန်သင်ချက်များတည်းဟူသော ဓမ္မဟောင်း၏သွန်သင်ချက်များသို့ မိမိကိုယ်မိမိ ဆက်ကပ်အပ်နှံထားကြောင်းကိုလည်း သူပြောသည်။ ၎င်းသည် တပါးအမျိုးသားများသို့ သူအမှုဆောင်သည့်အခါ ယေရှုမည်သူဖြစ်ကြောင်း သူသွန်သင်ရာ၌ပါဝင်လာသည့် သူ၏ယုဒလူမျိုးနောက်ခံသမိုင်းပင် ဖြစ်သည်။ လူမျိုးများထံသူသွားသောအခါ၊ ယေရှုကြွလာခြင်းသည် ယုဒလူမျိုးမေရှိယကြွလာခြင်းဖြစ်ကြောင်း၊ လူမျိုးတို့ထံသို့ ဧဝံဂေလိတရားရောက်လာခြင်းသည် အာဗြဟံအားပေးထားသော ကတိတော်များ ပြည့်စုံခြင်းဖြစ်ကြောင်းကို နားလည်စေလိုသည်။ ပေါလု၏မပြောင်းလဲမီ ယုဒလူမျိုးနောက်ခံအကြောင်း ကျွန်ုပ်တို့တွေးကြည့်သောအခါ၊ ၎င်းသည် သူ့အား နှိပ်စက်ညှဉ်းပန်းခြင်းသို့တွန်းပို့ခဲ့သော နောက်ခံဖြစ်သည်။ ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်ကို တွေ့ဆုံပြီးနောက်၊ ယုဒလူမျိုးနောက်ခံနှင့်ပတ်သက်၍ သူ၏ကောင်းစွာနားလည်သဘောပေါက်ခြင်းသည် ယုဒလူမျိုးနှင့် ဂရိကြားတွင် ကွဲပြားခြင်းမရှိကြောင်း၊ အရေဖျားလှီးခြင်းသည် အချည်းနှီးဖြစ်ကြောင်း ခရစ်တော်၏အမြင်အားဖြင့်ဆိုသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**Dr Mark A. Jennings**

ဓမ္မဟောင်းကျမ်းအကြောင်း ၂တိမောသေ ၃:၁၄-၁၅ တွင် သူ၏သားတိမောသေအား ပေါလု ညွှန်ကြားပုံကို နားထောင်ပါ_

> သင်သည်အဘယ်သူထံ၌ နည်းခံခဲ့ပြီးသည်ကိုငင်း၊ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလိုငှါ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍ လေ့ကျက်သည်ကိုငင်း သိမှတ်သည်နှင့်၊ အထက်ကသင်၍ နှလုံးသွင်းမိသောအယူဝါဒ၌ တည်နေလော့ (၂တိ ၃:၁၄-၁၅)။

ဓမ္မဟောင်းကျမ်းသည် သူ၏ဘဝတစ်လျှောက်လုံးတွင် ကျမ်းစာအဖြစ်ဆက်လက်တည်ရှိနေပြီး၊ ဤကျမ်းစာများကို သစ္စာရှိခရစ်ယာန်များအားလုံး ဘုရားသခင်၏နှုတ်ကပတ်တော်—သို့မဟုတ် "ဘုရားသခင်၏ရေးသားချက်များ"—အဖြစ်နာခံရန် သူတောင်းဆိုခဲ့သည်။

ဒုတိယ၊ ပေါလု၏ဓမ္မပညာသည် ဣသရေလလူမျိုး၏ဆင်းရဲဒုက္ခများကိုအဆုံးသတ်ကာ ကမ္ဘာမြေကြီးစွန်းတိုင်အောင် ဘုရားသခင်၏နိုင်ငံတော်ကိုတိုးချဲ့မည့် ဒါဝိဒ်၏သားတော်မေရှိယကို တစ်နေ့တွင် ဘုရားသခင်စေလွှတ်တော်မူမည်ဟူသည့် ယုဒလူမျိုးတို့၏မျှော်လင့်ချက်ကြောင့်လည်း နက်ရှိုင်းစွာအကျိုးသက်ရောက်ခဲ့သည်။ အမှန်တကယ်တွင်၊ ပေါလုသည် ယေရှု၏နောက်လိုက်တစ်ဦး ဖြစ်လာခြင်းအကြောင်းရင်းမှာ ယေရှုသည် စောင့်မျှော်နေသောမေရှိယဖြစ်သည်ဟု သူယုံကြည်သော ကြောင့်ဖြစ်သည်။ ထို့ကြောင့် ပေါလုသည် ယေရှုခရစ်တော် သို့မဟုတ် Christos ဟုခေါ်ဆိုရန် တုံ့ဆိုင်း မနေပါ၊ ၎င်းသည် ဓမ္မဟောင်းဟေဗြဲစကားလုံး မေရှိယ သို့မဟုတ် *Meshiach* ၏ဂရိဘာသာပြန်ဖြစ် သည်။

ပေါလုသည် ခရစ်ယာန်ဘာသာကို ယုဒဘာသာ၏အစားထိုးမှုအဖြစ် မမြင်ခဲ့ပါ။ ယင်းအစား၊ ခရစ်ယာန်ဘာသာသည် သူ၏ယုဒအမွေအနှစ်များ၏ ပြည့်စုံခြင်းဖြစ်သည်ဟု အခိုင်အမာယုံကြည်ခဲ့ သည်။ ဟေဗြဲကျမ်းစာများကို အပြည့်အဝနာခံခြင်းနှင့် မေရှိယအားဖြင့် ဘုရားသခင့်နိုင်ငံတော်၏ ကမ္ဘာချီအောင်ပွဲအတွက် မျှော်လင့်ချက်တို့သည် ပေါလု၏ခရစ်ယာန်ရှုမြင်ပုံဆိုင်ရာ မရှိမဖြစ်လိုအပ် သော အတိုင်းအတာများဖြစ်သည်။ ဤနည်းလမ်းနှင့် အခြားနည်းလမ်းများစွာဖြင့်၊ ပေါလု၏အဓိက ခရစ်ယာန်ယုံကြည်ချက်များသည် သူ၏ယုဒအမွေအနှစ်မှ ပေါက်ဖွားလာသည်။

သို့သော် ပေါလုသည် ယုဒလူမျိုးတို့၏ယဉ်ကျေးမှုနောက်ခံတစ်ခုသာ လွှမ်းမိုးခံရသည်မဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် ပေါလု၏ဓမ္မပညာကိုပုံဖော်ရန် တစ်ပါးအမျိုးသားယဉ်ကျေးမှုနှင့် ဆက်သွယ်မှုကိုလည်း အသုံးပြုခဲ့သည်။

## တစ်ပါးအမျိုးသားယဉ်ကျေးမှု

ဓမ္မဟောင်းပြီးဆုံးခါနီးတွင် ဣသရေလတို့သည် ကတိတော်ပြည်မှနှင်ထုတ်ခံရချိန်မှစ၍ ယုဒလူမျိုးအများအပြားသည် မြေထဲပင်လယ်ဒေသတစ်ခွင်တွင် အခြေချနေထိုင်ခဲ့ကြသည်။ ယုဒလူမျိုးအချို့သည် တစ်ပါးအမျိုးသားများနှင့်ခြားနားမှုရှိရန် တတ်နိုင်သမျှ လုပ်ဆောင်ခဲ့ကြသည်။ အခြားသူများသည် ၎င်းတို့နေထိုင်ရာ လူမျိုးများ၏ယဉ်ကျေးမှုတန်ဖိုးများနှင့် အလေ့အကျင့်များကို ရိုးရှင်းစွာ လက်ခံကျင့်သုံးကြသည်။ သို့သော်၊ ယုဒလူမျိုးတို့၏ဓလေ့ထုံးတမ်းစဉ်လာများကို ဆက်လက်ထိန်းသိမ်းကာ တစ်ပါးအမျိုးသားများကြားတွင်နေထိုင်သော ရိုသေကိုင်းရှိုင်းသည့် ယုဒလူမျိုးအသိုင်းအဝိုင်းများလည်း ရှိသည်။ ကျွန်ုပ်တို့မြင်ပြီးသည့်အတိုင်း၊ ပေါလုသည် ရိုသေကိုင်းရှိုင်းသောယုဒတစ်ဦးအဖြစ် ကြီးပြင်းလာခဲ့သော်လည်း၊ သူနေထိုင်ခဲ့သည့် တစ်ပါးအမျိုးသား၊ ဂရိ-ရောမယဉ်ကျေးမှုတို့နှင့်လည်း အတော်လေးရင်းနှီးကြောင်း ဓမ္မသစ်ကျမ်းကရှင်းလင်းစွာ ဖော်ပြထားသည်။

ပထမအချက်အနေနှင့်၊ ပေါလုသည် သူ၏ဘဝတစ်လျှောက်လုံး ယုဒလူမျိုးရှိရာ ပါလက်စတိုင်းတွင်သာမက၊ အခြားအချိန်များတွင် တစ်ပါးအမျိုးသားရှိရာတွင်လည်း နေထိုင်ခဲ့သည်ကို ကျွန်ုပ်တို့သတိပြုသင့်သည်။ တမန်တော် ၂၁:၃၉ အရ ပေါလုသည် တစ်ပါးအမျိုးသားတို့၏မြို့ဖြစ်သော ကိလိကိပြည်တာရှုမြို့မှ ဖြစ်သည်။ တမန်တော် ၂၂:၃ တွင်၊ သူသည် ယေရုရှလင်မြို့၌ ကြီးပြင်းလာကြောင်းကို ကျွန်ုပ်တို့ဖတ်ရသည်။ သို့သော် တမန်တော် ၉:၃၀ နှင့် ၁၁:၂၅ တွင်ပေါလုသည် တာရှုမြို့တွင် အရွယ်ရောက်သည်တိုင် ထပ်မံနေထိုင်ခဲ့ကြောင်း ဖော်ပြသည်။

ထို့အပြင်၊ ပေါလုသည် ရောမနိုင်ငံသား အပြည့်အဝခံစားခွင့်ရသောကြောင့် တစ်ပါးအမျိုးသားများနှင့် အဆက်အသွယ် တိုးလာခဲ့သည်။ အမှန်တကယ်တွင်၊ တမန်တော် ၂၂:၂၈ အရ၊ သူသည် ရောမနိုင်ငံသားဖြစ်ခွင့်ကို မဝယ်ယူခဲ့သော်လည်း နိုင်ငံသားအဖြစ် မွေးဖွားလာခဲ့သည်။ ပေါလုသည် ဧဝံဂေလိတရားကို မြှင့်တင်ရန်နှင့် မိမိကိုယ်ကို ခုခံကာကွယ်ရန် ရောမနိုင်ငံသားတစ်ဦး၏အခွင့်အရေးများကို အခိုင်အမာတက်ကြွစွာပြောဆိုသည်ကို တမန်တော်ဝတ္ထုတွင် အကြိမ်များစွာဖတ်ရသည်။

ထို့အပြင်၊ တစ်ပါးအမျိုးသားအသင်းတော်များထံ ပေါလု၏ပေးစာများသည် တစ်ပါးအမျိုးသားတို့၏ဓလေ့ထုံးစံများကို အသိအမှတ်ပြုကြောင်းဖော်ပြသည်။ ၁ ကောရိန္သု ၉:၂၁ တွင်သူသည် ကြေငြာချက်တစ်ခုကို ထူးခြားစွာပြုလုပ်ခဲ့သည်။

> ပညတ်တရားမဲ့သောသူတို့ကို ရခြင်းအလို့ငှါ ပညတ်တရားမဲ့သောသူတို့၌ ပညတ်တရားမဲ့သော သူကဲ့သို့ဖြစ်၏ (၁ ကောရိန္သု ၉:၂၁)။

ပေါလုသည် တစ်ပါးအမျိုးသားယဉ်ကျေးမှုကို ကောင်းစွာသိသောကြောင့် ခရစ်တော်၏ပညတ်တရားကိုနာခံစဉ်တွင် မိမိ၏အပြုအမူကို တစ်ပါးအမျိုးသားတို့၏ဓလေ့ထုံးစံများနှင့် လိုက်လျောညီထွေဖြစ်အောင် လျှောက်လှမ်းနိုင်ခဲ့သည်။

နောက်ဆုံးတွင်၊ ပေါလုသည် ဂရိ-ရောမခေတ်မီစာပေများကို တတ်ကျွမ်းသူဖြစ်ကြောင်းလည်း ပြသခဲ့သည်။ တမန်တော် ၁၇:၂၈ နှင့် တိတု ၁:၁၂ တွင် ပေါလုသည် အမှန်တကယ်ပင် အယူမှားအတွေး

အခေါ်ပညာရှင်များကို ရည်ညွှန်းကိုးကားခဲ့သည်။ ဂရိ-ရောမကမ္ဘာ၏အတွေးအခေါ်များနှင့် ဘာသာတရားများကို ကောင်းစွာပညာသင်ကြားခဲ့သည်။

ယခုကျွန်ုပ်တို့အနေဖြင့် မိမိကိုယ်ကိုမေးရန်မှာ_ တစ်ပါးအမျိုးသားယဉ်ကျေးမှုကို ပေါလု၏အသိအမှတ်ပြုခြင်းသည် သူ့အပေါ် မည်သို့အကျိုးသက်ရောက်ခဲ့သနည်း။ ပေါလု၏ တစ်ပါးအမျိုးသားယဉ်ကျေးမှုနှင့်ထိတွေ့မှုသည် သူ၏ခရစ်ယာန်အမြင်များအပေါ် မည်သို့လွှမ်းမိုးခဲ့သနည်း။ အချို့သူများပြောသကဲ့သို့ တစ်ပါးအမျိုးသားယဉ်ကျေးမှုကို ပေါလု၏အသိအမှတ်ပြုခြင်းသည် ခရစ်ယာန်ဘာသာကို တစ်ပါးအမျိုးသားများလက်ခံနိုင်စေရန်အတွက် ပြောင်းလဲစေသည်မဟုတ်ကြောင်း ကျွန်ုပ်တို့ရှင်းလင်းစွာ သိထားသင့်သည်။ သူသည် သူ၏အခြေခံသဘောထားတွင် ယုဒလူမျိုးအဖြစ် ကွဲပြားစွာ ရှိနေခဲ့သည်။ သို့တိုင်၊ ပေါလု၏တစ်ပါးအမျိုးသားလောကနှင့် ထိတွေ့ဆက်ဆံမှုသည် သူ့ကိုအနည်းဆုံး နည်းနှစ်နည်းဖြင့် ထိခိုက်စေခဲ့သည်။

တစ်ဖက်တွင်၊ ပေါလု၏တစ်ပါးအမျိုးသားယဉ်ကျေးမှုနှင့် အဆက်အသွယ်ရှိမှုသည် အသင်းတော်အပြင်ဘက်တွင် တစ်ပါးအမျိုးသားများထံ အမှုဆောင်ရန် ကူညီပေးခဲ့သည်။ ပေါလုသည် တစ်ပါးအမျိုးသားများ၏စံနှုန်းများနှင့် ယုံကြည်ချက်များကို အခြားသူများထက် ကောင်းစွာပိုသိရှိပြီး၊ ဧဝံဂေလိတရားကို ထိရောက်သောနည်းများဖြင့် ထိုသူတို့ထံ ယူဆောင်လာရန် ဤအသိပညာကို အသုံးပြုခဲ့သည်။ ဥပမာ၊ လုတ္တရမြို့၌ ပေါလု၏တရားဒေသနာနှင့် တမန်တော် ၁၇ တွင် အေသင်မြို့၌ သူ၏တရားဒေသနာနှစ်ခုစလုံးသည် ခရစ်တော်၏ဧဝံဂေလိတရားကို တစ်ပါးအမျိုးသားများနားလည်သဘောပေါက်ရန် ကောင်းစွာပြင်ဆင်ထားသောနည်းလမ်းဖြင့် သူ၏ဖော်ပြချက်များကိုပုံဖော်ရာတွင် ပေါလုမည်မျှကျွမ်းကျင်ကြောင်း ဖော်ပြသည်။ ရောမ ၁၁:၁၃ တွင် ပေါလုသည် မိမိကိုယ်ကို "တစ်ပါးအမျိုးသားတို့နှင့်ဆိုင်သောတမန်တော်" ဟုခေါ်ဆိုခဲ့သည်။ အကြောင်းမူကား၊ ဘုရားသခင်သည် တစ်ပါးအမျိုးသားတို့ထံ ခရစ်တော်၏သတင်းကောင်းကို ဆောင်ကြဉ်းရန် သူ့အားခေါ်ထားသောကြောင့် ဖြစ်သည်။ ယင်းအပြင်၊ ပေါလုသည် အသင်းတော်အတွင်းရှိ တစ်ပါးအမျိုးသားများအား အမှုတော်ထမ်းဆောင်ရန်နှင့် သူတို့အတွက် တိုက်ပွဲဝင်ရန်လည်း အသင့်ရှိခဲ့သည်။

ခရစ်တော်အတွက် တစ်ပါးအမျိုးသားများထံရောက်ရှိရန် ပေါလု၏ကတိကဝတ်ပြုမှုသည် ပထမရာစုအသင်းတော်၏အပြင်းထန်ဆုံးအငြင်းပွားမှုတစ်ခုဖြစ်ပြီး၊ တစ်ပါးအမျိုးသားယုံကြည်သူအမျိုးသားများကို အရေဖျားလှီးရန် အတင်းအကျပ်ခိုင်းစေခြင်းရှိ၊ မရှိ မေးခွန်းထုတ်ခဲ့သည်။ ပထမရာစုရှိ ခရစ်ယာန်ယုံကြည်သူအများစုသည် ယုဒလူမျိုးများဖြစ်သောအခါ၊ ဤအလေ့အကျင့်ကို ဆက်လက်လုပ်ဆောင်ရန် အသင်းတော်အတွက် သဘာဝကျပါသည်။ သို့သော် တမန်တော် ၁၅ အရ ပြောင်းလဲလာသော တစ်ပါးအမျိုးသားများသည် အရေဖျားလှီးခြင်းကိုခံရန် မလိုအပ်ကြောင်း ယေရုရှလင်မြို့ရှိ တမန်တော်များနှင့် အကြီးအကဲများအား ယုံကြည်စေမှုတွင် ပေါလုသည်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ဂလာတိဩဝါဒစာတွင်၊ အရေဖျားလှီးခြင်းကိုမခံရသော တစ်ပါးအမျိုးသားများ၏အခွင့်အရေးကို ပြင်းထန်စွာ ခုခံပြောဆိုခဲ့သည်။

သို့သော် ဤအငြင်းပွားမှုသည် အသင်းတော်ရှိတစ်ပါးအမျိုးသားများအတွက် ပေါလု၏ကြီးမားသောအလေးထားမှုကို ကိုယ်စားပြုသည်။ သူ၏ခေတ်ကာလက ယုဒလူမျိုးခရစ်ယာန်များစွာသည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တစ်ပါးအမျိုးသားများကို ဒုတိယတန်းစားယုံကြည်သူများအဖြစ် ယူဆကြသော်လည်း၊ ပေါလုက ခရစ်တော်သည် ယုဒလူမျိုးများနှင့်တစ်ပါးအမျိုးသားကြား ခြားထားသောတံတိုင်းကို ဖြိုဖျက်ခဲ့ကြောင်း အခိုင်အမာပြောဆိုခဲ့သည်။ ဂလာတိ ၃:၂၈-၂၉ တွင် ပေါလုရေးခဲ့သည်မှာ–

> ယေရှုခရစ်၌ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ။ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏။ ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ဂတိတော်အတိုင်း အမွေခံ၏အရာ၌ တည်ကြ၏ (ဂလာတိ ၃:၂၈-၂၉)။

ပေါလု၏သြဝါဒစာများစွာတွင် အရေးကြီးသောအကြောင်းအရာမှာ၊ ခရစ်တော်၌ ဘုရားသခင်၏ နိုင်ငံတော်သည် ဣသရေလလူမျိုးမှ ကမ္ဘာမြေကြီးစွန်းတိုင်အောင် ပြန့်နှံ့နေခြင်းဖြစ်သည်။ သခင်ယေရှု သည် တစ်ပါးအမျိုးသားလူမျိုးများထံ ကယ်တင်ခြင်းတံခါးကိုဖွင့်ခဲ့သောကြောင့်၊ ခရစ်တော်၌ရှိသော တစ်ပါးအမျိုးသားများအား ယုဒသွေးရှိသောသူများနှင့် အာဗြဟံအားပေးသော ဘုရားသခင်၏ ကတိတော်များကို အမွေဆက်ခံသူများအဖြစ် မှတ်ယူခဲ့သည်။

> တစ်ပါးအမျိုးသားများသည် စစ်မှန်သောယုံကြည်သူများ၊ ယေရှုခရစ်၏ နောက်လိုက်များနှင့် အာဗြဟံအား ပေးထားသည့်ကတိတော်များ၏ အမွေဆက်ခံသူများဖြစ်ကြောင်း ပေါလုသွန်သင်ခဲ့သော်လည်း၊ ဂလာတိသြဝါဒစာနှင့် အခြားနေရာများတွင် သူအသုံးပြုသည့် ယုတ္တိဗေဒမှာ အာဗြဟံ၏သားတော်ဟုခေါ်ခြင်းသည် အာဗြဟံအား ဘုရားသခင်ပေးခဲ့သော ကတိတော်များကို လက်ခံရရှိရန်ဖြစ်ပြီး၊ ထိုကတိတော်များကိုယုံကြည်၍ ဘုရားသခင်၏စစ်မှန်သောသားဖြစ်ကြောင်း ယုံကြည်စိတ်ချခြင်းပင်ဖြစ်သည်။ ၎င်းအားလုံးသည် ယေရှုခရစ်၏ စစ်မှန်သည့်နောက်လိုက်တစ်ဦးအဖြစ် အသိအမှတ်ပြုခံရရန်နှင့် အရေဖျားလှီးခြင်းခံရန်လိုအပ်ကြောင်း ယုဒလူမျိုးများနားလည်မှုမရှိမီ၊ ပညတ်တရားပေးခြင်းမပြုမီ ဖြစ်ပျက်ခဲ့သည်။ ထို့ကြောင့် စစ်မှန်သောယုံကြည်သူတိုင်းသည် ဘုရားသခင်ကို ယုံကြည်ကိုးစားသော ယုံကြည်ခြင်းကိုကျင့်သုံးပါက၊ သူတို့သည် အာဗြဟံ၏သားအမှန်ပင်ဖြစ်ကြောင်း ဆိုနိုင်ပါသည်။
>
> **— Rev. Dr. Simon Vibert**

ပေါလု၏ယုဒလူမျိုးနောက်ခံနှင့် တစ်ပါးအမျိုးသားယဉ်ကျေးမှုများသည် သူ့အား ပုံစံအမျိုးမျိုး ဖြင့် လွှမ်းမိုးခဲ့ကြောင်း ကျွန်ုပ်တို့မြင်ရသည်။ ဤနောက်ခံနှစ်ခုကို စိတ်ထဲတွင်မှတ်သားထားခြင်းဖြင့်၊ ကျွန်ုပ်တို့သင်ခန်းစာ၏ဒုတိယအဓိကအကြောင်းအရာကို လေ့လာရန်အနေအထားတွင် ရှိနေပြီဖြစ်သည်– ပေါလု၏ဓမ္မပညာသည် သူ၏တမန်တော်ဆိုင်ရာအမှုတော်တွင် မည်သို့အကျိုးသက်ရောက်ခဲ့သနည်း။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# တမန်တော်ဆိုင်ရာအမှုတော်

ကျွန်ုပ်တို့ကာလတွင်၊ တိတ်ဆိတ်ငြိမ်သက်သောရုံးခန်းတွင်ထိုင်ကာ စိတ်ကူးယဉ်ကိစ္စရပ်များနှင့် ပညာရပ်ဆိုင်ရာကိစ္စရပ်များတွင် မိမိတို့ကိုယ်ကိုဆက်ကပ်ထားသည့်ပညာရှင်ကို လေးနက်သောဓမ္မပညာရှင်အဖြစ် ကျွန်ုပ်တို့မြင်တတ်သည်။ ထို့ကြောင့် ယနေ့ကာလလူအများသည် ဓမ္မပညာရှင်များကို သာမာန်ခရစ်ယာန်များ နေ့စဉ်ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် အဆက်အစပ်မရှိဟု ယူဆကြသည်။ သို့သော် ပေါလု၏ ဓမ္မပညာဆိုင်ရာသွန်သင်ချက်များသည် အသက်တာနှင့် ဆက်စပ်နေပါသည်။ ယင်းအစား၊ ပေါလု၏ ခရစ်တော်၏တမန်တော်အဖြစ် မယုံကြည်သူများ၊ ယုံကြည်သူတစ်ဦးချင်းနှင့် မတူညီသော နေရာများရှိ အသင်းတော်များ၌ လုပ်ဆောင်ခြင်းအတွေ့အကြုံများသည် သူယုံကြည်သောအရာကို နက်ရှိုင်းစွာလွှမ်းမိုးခဲ့သည်။ ထို့အတွက်ကြောင့်၊ ကျွန်ုပ်တို့သည် ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်ကို နားလည်မည်ဆိုလျှင်၊ သူ၏အမှုတော်နှင့် အကျွမ်းတဝင်ရှိမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ပေါလု၏တမန်တော်ဆိုင်ရာ အမှုတော်ကဏ္ဍသုံးရပ်ဖြစ်သည့်_ သူ၏အရိုက်အရာ၊ သူ၏အမှုတော်နှင့် သူ၏ရေးသားချက်များကို အထူးကြည့်ရှုပါမည်။ သူ၏တမန်တော်အရိုက်အရာဖြင့် စတင်ကြပါစို့။

## အရိုက်အရာ

အနည်းဆုံးအကြိမ်၂၀ မျှပေါလုသည် "ယေရှုခရစ်၏တမန်တော်"ဟူသည့်အရည်အချင်းဖြင့်၊ သူကိုယ်သူ "တမန်တော်"ဟု မကြာခဏဖော်ပြခဲ့သည်။ ဤပြောဆိုချက်သည် အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် တမန်တော်များကို အကြွင်းမဲ့အခွင့်အာဏာဖြင့် သူ့ကိုယ်စား ပြောဆိုရန် ခန့်အပ်ထားသောကြောင့် ဖြစ်သည်။ ယခု၊ ပေါလုသည် ယေရှု၏မြေကြီးဆိုင်ရာအမှုဆောင်စဉ်အတွင်းရွေးချယ်ခဲ့သော မူလတမန်တော်များထဲမှမဟုတ်ကြောင်း ကျွန်ုပ်တို့အားလုံးသိသည်။ သို့တိုင် ပေါလုသည် ခရစ်တော်၏အခွင့်အာဏာရှိသောကိုယ်စားလှယ်အဖြစ် အခိုင်အမာဆိုခဲ့သည်။ မူလတမန်တော်များနှင့်တူညီသော တမန်တော်ဖြစ်ခြင်းကို ရရှိထားကြောင်း အခိုင်အမာဆိုခဲ့သည်။ သို့သော် ၎င်းသည် မည်သို့ဖြစ်နိုင်မည်နည်း။ တမန်တော်ဖြစ်ခြင်းအတွက် သတ်မှတ်ထားသော အရည်အချင်းအားလုံးနှင့်ပေါလုသည် ကိုက်ညီမှုရှိသည်ဟူသောအချက်၌ အဖြေရှိသည်။

ပင်တေကုတ္တေပွဲနေ့တွင် တမန်တော်များသည် ဝိညာဉ်တော်သွန်းလောင်းခြင်းကို စောင့်မျှော်နေကြစဉ်၊ ပေတရုသည် ယုဒနေရာ၌ တမန်တော်အသစ်တစ်ဦးအစားထိုးသင့်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ခရစ်တော်၏အခွင့်အာဏာရှိသောတမန်တော်များသည် စံသုံးရပ်နှင့် ပြည့်မီရမည်ဟု ပေတရုရှင်းပြခဲ့သည်။ ပထမ၊ တမန်တော် ၁:၂၁ အရ၊ ခရစ်တော်၏သုံးနှစ်တာ မြေကြီးဆိုင်ရာအမှုတော်တွင် တမန်တော်များသည် ခရစ်တော်၏တိုက်ရိုက်သွန်သင်ခြင်းကို ခံရသောသူဖြစ်ရမည်။ ဒုတိယ၊ တမန်တော် ၁:၂၂ တွင် သူတို့သည် ယေရှု၏ရှင်ပြန်ထမြောက်ခြင်း၏သက်သေများဖြစ်ရမည်။ တတိယ၊ တမန်တော် ၁:၂၃-၂၆



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွင်၊ တမန်တော်အသစ်များကို သခင်ကိုယ်တော်တိုင် အရိုက်အရာအတွက် ရွေးချယ်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရှိရသည်။

သို့သော် ပေါလုသည် အဘယ်သို့နည်း။ အစပိုင်းတွင်၊ သူသည် တမန်တော်ဖြစ်ခြင်းအတွက် ပထမစံသတ်မှတ်ချက်ဖြစ်သည့် ယေရှု၏မြေကြီးဆိုင်ရာအမှုတော်တွင် ယေရှုနောက်သို့လိုက်ခြင်း ကို မဖြည့်ဆည်းနိုင်ခဲ့ပါ။ သို့သော် အနီးကပ်ကြည့်ခြင်းအားဖြင့် သူသည် ဤအရည်အချင်းနှင့် ကိုက်ညီကြောင်း ထင်ရှားသည်။ ဂလာတိ ၁:၁၁-၁၈ တွင်၊ ပေါလုသည် ဒမာသက်မြို့သို့သွားရာလမ်းတွင် ပြောင်းလဲပြီးနောက်၊ အာရပ်တော၌ သုံးနှစ်နေခဲ့ကြောင်း ကျွန်ုပ်တို့သိရှိရသည်။ ဤကာလ၏ကြာချိန်သည် ယေရှုနှင့်အတူ အခြားတမန်တော်များအသုံးပြုခဲ့သည့်အချိန်နှင့် အကြမ်းဖျင်းတူညီကြောင်း သက်သေပြရန် သူဖော်ပြခဲ့သည်။ ထိုနှစ်များအတွင်း ယေရှုကိုယ်တိုင်က ပေါလုအား ဧဝံဂေလိတရားကို ဖော်ပြခဲ့သည်။ ဂလာတိ ၁:၁၁-၁၂ မှပေါလု၏နုတ်ကပတ်တော်များကို နားထောင်ပါ_

> ညီအစ်ကိုတို့၊ ငါဟောပြောသော ဧဝံဂေလိတရားသည် လူတို့၏တရားမဟုတ်။ လူထံမှာငါခံရသည်မဟုတ်။ ယေရှုခရစ်၏ ဗျာဒိတ်တော်မှတပါး အခြားသော ဥပဒေသကိုငါမခံသည်အကြောင်းကို သင်တို့အားငါကြားလိုက်၏ (ဂလာတိ ၁:၁၁-၁၂)။

ဒုတိယစံနှုန်းနှင့်လည်း ပေါလုကိုက်ညီသည်။ တမန်တော် ၉:၃ တွင်၊ ဒမာသက်မြို့သို့ သွားရာလမ်းတွင် ရှင်ပြန်ထမြောက်သောခရစ်တော်၏အလင်းဖြစ်သည့် "ကောင်းကင်ထဲကအလင်း" ကို ပေါလုတွေ့မြင်ခဲ့ရပါသည်။ ဤထူးခြားသောနည်းဖြင့် ထမြောက်ခဲ့သော ကယ်တင်ရှင်ကို ပေါလုတွေ့မြင်ခဲ့သည်။

နောက်ဆုံးတွင်၊ ပေါလုသည် သခင်ဘုရားကိုယ်တိုင် ရွေးချယ်ခဲ့သောကြောင့် တတိယစံနှုန်းနှင့်လည်း ကိုက်ညီသည်။ တမန်တော် ၉:၁၅ အရ၊ ယေရှုကိုယ်တော်တိုင် ပေါလုအား သူ၏အရိုက်အရာတွင် ခန့်ထားခဲ့သည်။ သခင်ဘုရားကလည်း၊

> ထိုသူကားတပါးအမျိုး သားတို့နှင့် ရှင်ဘုရင်တို့ထံသို့၎င်း၊ ဣသရေလအမျိုးသားတို့ရှိရာသို့၎င်း၊ ငါ၏နာမကို ပို့ဆောင်စေခြင်းငှါ ငါရွေး ကောက်သောတန်ဆာဖြစ်၏ (တမန်တော် ၉:၁၅)။

ပေါလု၏တမန်တော်ဖြစ်ခြင်းနှင့်ပတ်သက်၍ သံသယတစ်စုံတစ်ရာကိုဖယ်ရှားရန်၊ ဂလာတိ ၂:၇-၈ တွင် မူလတမန်တော်များက ပေါလုသည်ခေါ် ခြင်းခံရသူနှင့်တမန်တော်ဖြစ်သည်ကို အတည်ပြုကြကြောင်းဖော်ပြသည်။ ပေါလုရေးသည်မှာ_

> အရေဖျားလှီးခြင်းကိုခံရသောသူတို့တွင် ပေတရုကို တမန်တော်ဖြစ်စေခြင်းငှာ၊ ပေတရု၌ပြုပြင်တော်မူသောသူသည်၊ တပါးအမျိုးသားတို့တွင် ငါ့ကို တမန်တော်ဖြစ်စေခြင်းငှါ ငါ၌လည်း ပြုပြင်တော်မူသည်ဖြစ်၍၊ အရေဖျားလှီးခြင်းနှင့်မစပ်ဆိုင်သော ဧဝံဂေလိတရားကို ပေတရု၌အပ်တော်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မူသည်နည်းတူ၊ အရေဖျားလှီးခြင်းနှင့်မစပ်ဆိုင်သော ဧဝံဂေလိတရားကိုငါ၌ အပ်တော်မူကြောင်းကို သူတို့ သည် သိမြင်ကြ၏ (ဂလာတိ ၂း၇-၈)။

ဤနေရာတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ အခြားသောတမန်တော်များသည် ပေါလု၏ တမန်တော်ဖြစ်ခြင်းကို ပေတရု၏တမန်တော်ဖြစ်ခြင်းနှင့်နှိုင်းယှဉ်ကာ အသိအမှတ်ပြုကြသည်။ ၂ ပေတရု ၃:၁၅-၁၆ တွင် ပေါလုအကြောင်း ပေတရု၏စကားများကို နားထောင်ပါ_

> ငါတို့ချစ်သောညီပေါလုသည်၊ မိမိခံရသောဉာဏ်ပညာအတိုင်း သင်တို့အား ရေး၍ပေးလိုက်သောစာ၌၎င်း၊... ထိုစာတို့၌ ခက်ခဲသောအရာအချို့ရှိ၏။ မတတ်သောသူ၊ တည်ကြည်ခြင်းမရှိသောသူတို့သည်၊ ထိုအရာမှစ၍ ကြွင်းသောကျမ်းစာ၏ အနက်ကို မှောင်လှန်၍၊ ကိုယ်ကိုကိုယ်ဖျက်ဆီး တတ်ကြ၏ (၂ပေ ၃း၁၅-၁၆)။

ပေတရု၏အဆိုအရ၊ ပေါလု၏ဩဝါဒစာများကို "ကြွင်းသောကျမ်းစာများ" နှင့် တန်းတူထားရ မည်ဖြစ်သည်။

ကနဦးအသင်းတော်တွင် ပေါလု၏သွန်သင်ချက်များကို ဆန့်ကျင်သောမှားယွင်းသည့် ဆရာများ စွာရှိခဲ့သည်။ ထို့ကြောင့် ဤမှားယွင်းသောဆရာများကို တန်ပြန်ရန်၊ ဓမ္မသစ်ကျမ်းက ပေါလုသည် အခွင့် အာဏာရှိသောတမန်တော်ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။ ထို့ပြင်၊ ပေါလုသည် နားလည်ရ ခက်ပြီး လက်ခံရန်ပို၍ခက်ခဲသည့် အသင်းတော်နှင့်ပတ်သက်၍ အမြင်များကိုဖော်ပြခဲ့သည်။ သို့တိုင်၊ ခရစ်တော်၏တမန်တော်သံတမန်အဖြစ် ထမ်းဆောင်သောအခါ၊ ပေါလုသည် အခြားသောတမန်တော် များ၏အခွင့်အာဏာနှင့်အညီပြောဆိုကာ၊ သမ္မာကျမ်းစာ၏အခွင့်အာဏာဖြင့် ရေးသားခဲ့သည်။ မည်သူ မည်သို့ပင်ဆိုစေကာမူ၊ ၎င်းတို့၏အမြင်များကို ပေါလု၏သွန်သင်ချက်စံနှုန်းဖြင့် စီရင်ဆုံးဖြတ်ရမည် ဖြစ်သည်။ သူ၏ရေးသားချက်များသည် ခရစ်တော်ကိုယ်တိုင်၏အခွင့်အာဏာကို အမှန်တကယ်သယ် ဆောင်လာသည်။ ပေါလုနောက်ကိုမလိုက်ဘဲ ခရစ်တော်၏နောက်သို့ ကျွန်ုပ်တို့လိုက်၍မရပါ။ ယနေ့ သစ္စာရှိသောခရစ်ယာန်များ၏ဓမ္မပညာသည် သူ၏ဓမ္မပညာနှင့် ကိုက်ညီရမည်ဖြစ်သည်။

ပေါလု၏တမန်တော်အရိုက်အရာကို စိတ်ထဲတွင်မှတ်ထားပြီး၊ ယခုကျွန်ုပ်တို့သည် သူ၏ တမန်တော်ဆိုင်ရာအမှုတော်ကို ကြည့်သင့်သည်။ ပေါလုသည် တမန်တော်တစ်ဦးအနေဖြင့် မည်သည့် အရာလုပ်ဆောင်ခဲ့သနည်း။ အသင်းတော်၏သာသနာတော်တွင် သူ၏အခန်းကဏ္ဍသည် အဘယ်သို့ နည်း။

## အမှုတော်

ပေါလုသည် ခရစ်တော်၏အခွင့်အာဏာရှိသော တမန်တော်အဖြစ်၊ အသင်းတော်တွင် အလွန် ထူးခြားသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ဖေက်ဩဝါဒစာတွင် ရေးထားသကဲ့သို့၊ ယေရှု၏တမန်တော်

များနှင့် ပရောဖက်များသည် ဘုရားသခင်တည်ဆောက်ခဲ့သော အသင်းတော်၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ထိုနည်းတူ၊ ဘုရားသခင်သည် ပေါလုအား ဣသရေလနယ်နိမိတ်ကိုကျော်လွန်၍ တစ်ပါးအမျိုးသားလူမျိုးထံသို့ ခရီးသွားခြင်း၊ ဧဝံဂေလိဟောပြောခြင်း၊ အသင်းတော်များစတင်ခြင်းနှင့် သူသွားလေရာ၌ဘုရားသခင်၏လူတို့ကို သွန်သင်ပေးခြင်းဖြင့် ဘုရားသခင်၏နိုင်ငံတော်ကို ပြန့်ပွားစေရန် ပေါလုကို ခေါ်တော်မူခဲ့သည်။

တမန်တော်တစ်ဦးအနေဖြင့် ပေါလုသွားခဲ့သည့်ခရီးစဉ်လေးခု—သာသနာပြုခရီးစဉ်သုံးကြိမ်နှင့် ရောမမြို့သို့ ခေါ်ဆောင်ခြင်းခံရသော စတုတ္ထခရီးစဉ်ကို သုံးသပ်ခြင်းဖြင့်၊ ပေါလုအားခရစ်တော်အပ်နှင်းခဲ့သော အမှုတော်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ကောင်းစွာနားလည်နိုင်မည်ဖြစ်သည်။ ခရစ်တော်၏တမန်တော်အဖြစ် သူ၏ပထမဆုံးခရီးကို ခြုံငုံသုံးသပ်ကြည့်ကြပါစို့။

## ပထမခရီးစဉ်

တမန်တော် ၁၃၊ ၁၄ တွင် ပေါလု၏ပထမဆုံး သာသနာပြုခရီးအကြောင်း ကျွန်ုပ်တို့လေ့လာရပါသည်။ ၎င်းသည် ပေါလုနှင့်ဗာနဗတို့ကို အထူးလုပ်ငန်းကိုထမ်းဆောင်စေခြင်းငှါ၊ ဆီးရီးယားနိုင်ငံ အန္တိအုတ်အသင်းတော်ကို ဘုရားသခင်မိန့်တော်မူခြင်းဖြင့် စတင်ခဲ့သည်။ ထိုနောက်ချက်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဤလူတို့ကို ကုပရုကျွန်းမှတဆင့် ပို့ဆောင်ခဲ့သည်။ ထိုနေရာတွင် အမှုဆောင်ရန်အခွင့်အရေးများစွာရပြီးနောက်၊ ပေါလုနှင့် ဗာနဗတို့သည် အာရှမိုင်းနားသို့ ဧဝံဂေလိခရီးစဉ်ဆက်၍ သွားခဲ့ကြသည်။ ပေါလု၏ကနဦးရည်ရွယ်ချက်သည် ဧဝံဂေလိတရားကို ယုဒလူမျိုးတရားဇရပ်များတွင် အဓိကအားဖြင့်ဟောပြောရန်ဖြစ်သည်။ သို့သော် ယုဒလူမျိုးများ၏ပြင်းထန်စွာ ခုခံမှုနှင့်ကြုံရပြီးနောက်၊ တစ်ပါးအမျိုးသားများကို စတင်ဟောပြောခဲ့သည်။

ပေါလုသည် ဂလာတိပြည်ရှိ အသင်းတော်အနည်းငယ် အပါအဝင်၊ ဤခရီးစဉ်၌ အသင်းတော်များစွာကို အောင်မြင်စွာတည်ထောင်ခဲ့သည်။ ဒေရဗေမြို့အထိ အရှေ့ဘက်သို့ ခရီးထွက်ပြီးနောက်၊ ပေါလုနှင့် ဗာနဗတို့သည် ဦးတည်ချက်ပြောင်းခဲ့ကြသည်။ သူတို့သည် ဂလာတိမြို့များကိုဖြတ်၍၊ နောက်ဆုံးတွင် ပင်လယ်သို့ရောက်ပြီး အိမ်သို့ရွက်လွှင့်ခဲ့ကြသည်။

ခရစ်တော်၏တမန်တော်အဖြစ် ပေါလု၏ပထမဆုံးခရီးစဉ်သည် အလွန်တိုတောင်းပြီး ဖြောင့်တန်းပါသည်။ သို့သော် သူ၏ဒုတိယခရီးစဉ်သည် သူ့အားပါလက်စတိုင်းပြည်မှ ပို၍ဝေးရာသို့ ပို့ဆောင်ခဲ့သည်။

## ဒုတိယခရီးစဉ်

ပေါလု၏ဒုတိယသာသနာပြုခရီးစဉ်သည် တမန်တော် ၁၅:၃၆–၁၈:၂၂ တွင်တွေ့ရသည်။ ယေရုရှလင်မြို့ရှိတမန်တော်များနှင့် အသင်းတော်ခေါင်းဆောင်များသည် အန္တိအုတ်မြို့ရှိအသင်းတော်များထံ စာတစ်စောင်ပေးပို့ရန် ပေါလုနှင့်ဗာနဗကို ရွေးချယ်ပြီးနောက် ဤစူးစမ်းလေ့လာမှုခရီးစဉ်စတင်ခဲ့သည်။ အဆိုပါစာတွင် ပြောင်းလဲလာသူတစ်ပါးအမျိုးသားများသည် အရေဖျားလှီးရန်မလိုကြောင်း သို့မဟုတ် ကယ်တင်ခြင်းရရှိရန် မောရှေ၏ပညတ်ကိုအခြေခံသော အခြားယုဒထုံးတမ်းစဉ်လာများကိုစောင့်ရှောက်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရန်မလိုကြောင်း ရှင်းပြထားသည်။ အန္တိအုတ်မြို့၌ စာကိုပေးပို့ပြီးနောက်၊ ပေါလုနှင့် ဗာနဗတို့သည် ယခင် သူတို့ဧဝံဂေလိတရားဟောခဲ့သည့်မြို့များရှိ ယုံကြည်သူများထံ သွားရောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် သူတို့သည် သဘောထားမတိုက်ဆိုင်သောကြောင့် လမ်းခွဲခဲ့ကြပြီး၊ ပေါလုသည် သိလနှင့် ပူးပေါင်းခဲ့သည်။

ပေါလုနှင့်သိလတို့သည် ရှေးဦးစွာ ရှုရိပြည်တစ်လျှောက်ခရီးထွက်ခဲ့ကြပြီး၊ ကိလိကိပြည်ကို ဖြတ်၍ ဂလာတိပြည်သို့ရောက်သည်တိုင်အောင် သွားခဲ့ကြသည်။ တိမောသေသည် လုတ္တရမြို့၌ပေါလု ၏ခရီးစဉ်တွင် ပူးပေါင်းခဲ့သည်။ ပေါလုသည် အာရှိပြည်နှင့် ဖြုဂိပြည်မြောက်ပိုင်းတွင် ဧဝံဂေလိတရား ကို ဆက်လက်ဟောလိုသော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် တားမြစ်ခဲ့သည်။ ထို့ကြောင့် ပေါလု သည် ကမ်းရိုးတန်းမြို့ဖြစ်သည့် တရောမြို့သို့ ခရီးထွက်ခဲ့သည်။

သန့်ရှင်းသောဝိညာဉ်တော်တားမြစ်ခြင်း၏ အကြောင်းပြချက်သည် ပေါလု၏ထင်ရှားသော "မာကေဒေါနိရူပါရုံ"အားဖြင့်ထင်ရှားသည်။ ဤရူပါရုံ၌ လူတစ်ဦးသည် မျက်မှောက်ကာလ ဂရိနိုင်ငံ၏ မြောက်ပိုင်းပြည်နယ်၊ မက်ဆီဒိုးနီးယားတွင် ဧဝံဂေလိတရားကို လာရောက်ဟောပြောရန် တောင်းပန်ခဲ့ သည်။ ထို့ကြောင့် ပေါလုနှင့် သူ၏အဖွဲ့သည် ထိုပြည်နယ်သို့ ရွက်လွှင့်ခြင်းဖြင့် အိပ်မက်ကို ချက်ချင်းတုံ့ ပြန်ခဲ့သည်။ ပေါလုသည် မြောက်ဘက်ရှိ ဖိလိပ္ပိနှင့် သက်သာလောနိတ်မြို့တို့အပါအဝင် ဂရိနိုင်ငံတွင် အသင်းတော်များစွာကို တည်ထောင်ခဲ့သည်။ နောက်ဆုံးတွင်၊ သူသည် တောင်ဘက်ရှိ အေသင်သို့သွား ရောက်လည်ပတ်ခဲ့ပြီး၊ ကောရိန္သုမြို့တွင်အသင်းတော်တစ်ခုကို တည်ထောင်ခဲ့သည်။ ထို့နောက် ပေါလု သည် ဧဖက်မြို့သို့ ရွက်လွှင့်ပြီး၊ အချိန်အတန်ကြာထိုမြို့တွင်နေခဲ့ကာ၊ ပါလက်စတိုင်းသို့ ပြန်ခဲ့သည်။

ပေါလုသည် ဒုတိယသာသနာပြုခရီးစဉ်ပြီးနောက်၊ မကြာမီတွင် တတိယခရီးစဉ်စတင်ခဲ့သည်။ ထိုခရီးစဉ်တွင် သူသည် အနောက်အရပ်ဝေးရာသို့ တဖန်သွားခဲ့သည်။

## တတိယခရီးစဉ်

ပေါလု၏တတိယသာသနာပြုခရီးစဉ်ကို တမန်တော် ၁၈:၂၃–၂၁:၁၇ တွင် တွေ့ရသည်။ ဤခရီး စဉ်တွင် ပေါလုသည် ရှုရိပြည်အန္တိအုတ်မြို့မှ ဂလာတိပြည်နှင့် ဖြုဂိပြည်တို့ကိုဖြတ်၍ ခရီးဆက်ပြီး နောက်၊ ဧဖက်မြို့တွင် အောင်မြင်သောအမှုတော်ကို တည်ထောင်ခဲ့သည်။ ယင်းနောက်တွင်၊ သူသည် ဂရိနိုင်ငံမြောက်မှတောင်သို့ လပေါင်းများစွာ ခရီးထွက်ခဲ့ပြီး၊ မြောက်အရပ်သို့ တစ်ဖန်သွားခဲ့သည်။ သူသည် ယခင်ခရီးစဉ်တွင် သူတည်ထောင်ထားသည့် အသင်းတော်များသို့ သွားရောက်လည်ပတ်ခဲ့ သည်။ ထို့နောက် တမန်တော်သည် ကုန်းလမ်းနှင့် ပင်လယ်လမ်းဖြင့် ယေရုရှလင်မြို့သို့ ဦးတည်သွားခဲ့ သည်။

ပေါလုသည် သူ၏တတိယမြောက်ခရီးစဉ်ပြီးနောက် ယေရုရှလင်မြို့သို့ ပြန်လာသောအခါ၊ ယုဒလူမျိုးများသည် သူ့အား ပုန်ကန်သည်ဟုလိမ်လည်စွပ်စွဲပြီး ရောမများက သူ့ကိုဖမ်းဆီးခဲ့ကြသည်။ ထောင်၌နှစ်နှစ်နေပြီးနောက်၊ ပေါလုသည် ရောမနိုင်ငံသားတစ်ဦးအနေဖြင့် သူ၏အမှုကို ကဲသာရှေ့တွင် ကြားနာရန် သူ၏အခွင့်အရေးကို အခိုင်အမာတောင်းဆိုခဲ့သည်။ ကဲသာအား ပေါလု၏အသနားခံခြင်း သည် စတုတ္ထမြောက်ခရီးစဉ်အဖြစ် ရောမမြို့သို့ဦးတည်စေခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## စတုတ္ထခရီးစဉ်

ပေါလု၏ရောမမြို့ခရီးစဉ်မှတ်တမ်းကို တမန်တော် ၂၇၊ ၂၈ တွင် ဖော်ပြထားသည်။ ပေါလုသည် ဤခရီးစဉ်အများစုကို သင်္ဘောဖြင့်သွားခဲ့သည်။ ကရေတေကျွန်းနှင့် မေလိတေကျွန်းကြားတွင် ကြောက်မက်ဖွယ်ပြင်းထန်သော မုန်တိုင်းသည် ပေါလုနှင့် အခြားအကျဉ်းသားများစွာကို ချုပ်နှောင်ထားသည့် သင်္ဘောကို လုံးဝပျက်စီးစေခဲ့သည်။ အမှုထမ်းများ၊ အစောင့်များ၊ ပေါလုနှင့် သူ၏အဖော်များသည် ရောမမြို့သို့ မဝင်ရောက်မီ သုံးလကြာ မေလိတေကျွန်းတွင် သင်္ဘောပျက်ကာသောင်တင်နေခဲ့သည်။ ပေါလုသည် အေဒီ ၆၀ မှ ၆၂ တွင် ရောမမြို့တွင် နေအိမ်အကျယ်ချုပ်ဖြင့် နေခဲ့သည်။ ထိုကာလ၌ သူသည် လွတ်လပ်စွာအမှုဆောင်နိုင်ခဲ့သည်။

ပေါလုသည် ရောမကေရာဇ် နီရို၏လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ပြီး၊ ဧဝံဂေလိတရားဟောပြောရန် စပိန်နိုင်ငံသို့ ခရီးထွက်ခဲ့သည်ဟု ထုံးတမ်းစဉ်လာတွင် ဖော်ပြသည်။ တိမောသေသြဝါဒစာနှင့် တိတု သြဝါဒစာများမှ အထောက်အထားအချို့က သူသည် အရှေ့အရပ်သို့ ခရီးထွက်ကာ ထိုနေရာတွင်အသင်းတော်များကို တည်ထောင်ပြီးခိုင်ခံ့စေကြောင်း ဖော်ပြထားသည်။ သို့သော် အေဒီ ၆၅ သို့မဟုတ် သိပ်မကြာမီတွင် နီရိုသည် ပေါလုကိုထပ်မံဖမ်းဆီးခဲ့ပြီး နောက်ဆုံးတွင်တမန်တော်ကို ကွပ်မျက်ခဲ့သည်။

ယေရုရှလင်နှင့် ရောမကြားရှိ ဒေသကိုကြည့်လျှင် ပေါလုသည် မတူညီသောနေရာများစွာကို လည်ပတ်ခဲ့ကြောင်း ထင်ရှားသည်။ သူသည် မြို့ပေါင်းနှစ်ဆယ့်ငါးမြို့မကမှ ထောင်နှင့်ချီသောလူများနှင့် အဆက်အသွယ် ပြုလုပ်ခဲ့သည်။ ဤမျှများပြားသောခရီးစဉ်များကို သူခံရပ်ခဲ့ခြင်းမှ ကျွန်ုပ်တို့ မည်သည့် အရာသင်ယူနိုင်မည်နည်း။ ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်နှင့်ပတ်သက်၍ ၎င်းတို့သည်ကျွန်ုပ်တို့အား မည်သည့်အရာပြောပြသနည်း။

> အမှန်တကယ်တွင်၊ ပေါလုသည် အခြားအရာများထက် သာသနာပြုတစ်ဦးဖြစ်သည်။ ပေါလုသည် အပြင်ထွက်ပြီး အသင်းတော်များတည်ထောင်နေစဉ် သူသည် ထိုအသင်းတော်များနှင့်ဆက်နွယ်ကာ၊ မည်သည့်အရာကိုယုံကြည်ရန်နှင့် လုပ်ဆောင်ရန် ခေါ်ခြင်းခံရကြောင်းကို ထိုသူတို့ပိုမိုနားလည်သဘောပေါက်စေရန် ကိစ္စရပ်များတစ်လျှောက် ကူညီဆောင်ရွက်ပေးခဲ့သောကြောင့် သူ၏စာများသည် ယနေ့ကျွန်ုပ်တို့၌ရှိနေခြင်းဖြစ်သည်။ သို့သော် ပေါလု၏အဓိကလုပ်ဆောင်မှုမှာ စာရေးခြင်းမဟုတ်၊ အသင်းတော်များစတင်ခြင်း၊ တည်ဆောက်ခြင်းဖြစ်သည်။ ပေါလု၏ဓမ္မပညာသည် သာသနာပြုဓမ္မပညာဖြစ်ပြီး၊ ယနေ့ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့၏ဓမ္မပညာသည် ဘုရားသခင်ခေါ်တော်မူသည့် အမှုတော်နှင့် နက်ရှိုင်းစွာချိတ်ဆက်နေရမည်ဟု ဆိုလိုသည်။ တစ်နည်းအားဖြင့် ထိုသို့မဟုတ်ပါက၊ ၎င်းသည် စစ်မှန်သောဓမ္မပညာဟု မယူဆနိုင်ပါ။

**Dr Donald Cobb**



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေါလု၏အရိုက်အရာနှင့် အမှုတော်ကို စိတ်ထဲမှတ်ထားခြင်းဖြင့်၊ ပေါလု၏တမန်တော်ဆိုင်ရာ အမှုတော်၏ တတိယကဏ္ဍဖြစ်သည့်_ သူ၏ တမန်တော်ဆိုင်ရာရေးသားချက်များ သို့မဟုတ် ဓမ္မသစ်ကျမ်းမှ သူ၏ဩဝါဒစာများကို လေ့လာရန်အနေအထားတွင် ရှိနေပြီဖြစ်သည်။

## ရေးသားချက်များ

ဓမ္မသစ်ကျမ်းတွင် ပေါလုထံမှစာတစ်စောင်ထက်မကပို၍ အဘယ်ကြောင့်ကျွန်ုပ်တို့ရရှိသည်ကို သင်တွေးဖူးပါသလား။ အဘယ်ကြောင့် သူသည် အသင်းတော်တစ်ခုမှ အခြားတစ်ခုသို့ လက်ဆင့်ကမ်းပေးနိုင်သည့် စာတစ်စောင်ကို မရေးခဲ့သနည်း။ အဖြေက ရှင်းပါသည်။ ပေါလုသည် ယဇ်ပူဇော်ခြင်းဆိုင်ရာအမှုတော်၏တောင်းဆိုချက်များတွင်နေထိုင်ခဲ့ပြီး၊ သူသွားရောက်လည်ပတ်ခဲ့သော အသင်းတော်များကို စိတ်အနှောင့်အယှက်ဖြစ်စေသည့် မတူညီသောပြဿနာများကို ရင်နှီးကျွမ်းဝင်ခဲ့သည်။

ပထမရာစုရှိခရစ်ယာန်များတွင် ယေဘူယျပြဿနာများရှိခဲ့ကြောင်း ယခု သင်မြင်ယောင်ကြည့်နိုင်သည်။ သို့သော် ဂလာတိရှိပြဿနာများသည် ဧဖက်ရှိပြဿနာများနှင့် ကွဲပြားသည်။ ဧဖက်မြို့ရှိပြဿနာများသည် ကောရိန္သုမြို့ရှိ စိန်ခေါ်မှုများနှင့် ကွဲပြားသည်။ အသင်းတော်တိုင်းသည် ၎င်း၏ထူးခြားသောပြဿနာများကို ကြုံတွေ့နေရသည်။ ရလဒ်အနေဖြင့်၊ ပေါလုသည် ဤအခြေအနေများတွင် ယုံကြည်သူများ၏ အမျိုးမျိုးသောလိုအပ်ချက်များကို ဖြေရှင်းပေးရန်အတွက် မတူညီသောအလေးပေးစာများကို ရေးသားခဲ့သည်။

ဓမ္မသစ်ကျမ်းတွင်၊ ပေါလုသည် သူ၏အမှုတော်တွင် မတူညီသောအချိန်များ၌ရေးခဲ့သော စာဆယ့်သုံးစောင်ရှိသည်။ ယခု ပေါလု၏စာများသည် အချိန်အခါနှင့်အလွန်သက်ဆိုင်သည်—၎င်းသည် သီးခြားပြဿနာများကို ဖြေရှင်းရန် ပုံစံပြုထားသည်— သူ၏စာများသည် သူ၏ဓမ္မပညာဆိုင်ရာအဓိကအချက်အလုံးစုံကို အစီအစဉ်တကျ သို့မဟုတ် စနစ်ကျသောနည်းလမ်းဖြင့် ဖော်ပြထားခြင်းမရှိပါ။ ယင်းအစား၊ သူ၏ဩဝါဒစာများတွင် သူ၏ဓမ္မပညာ၏ သင်းအုပ်ဆရာဆိုင်ရာကျင့်သုံးမှုများ ပါရှိသည်။ ကိစ္စရပ်အများစုတွင်၊ ပေါလုသည် အသင်းတော်ရှိ သီးခြားပြဿနာများကို ဟောပြောခဲ့သည်မှာ ထင်ရှားသော်လည်း၊ ခရစ်ယာန်များစွာသည် ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်တစ်ခုလုံးကို စာတစ်စောင်တည်းမှ ထုတ်ယူရန် ကြိုးစားကြသည်။

ဥပမာ၊ ရောမဩဝါဒစာကို သုံးသပ်ကြည့်ကြမည်။ ယုံကြည်သူပရိုတက်စတင့်များက ဤစာအုပ်ကို ပေါလု၏ဓမ္မပညာသည် စနစ်တကျ၊ စိတ်ကူးယဉ်ရှင်းပြချက်တစ်ခုအဖြစ် ရေးသားထားသည့်အလားများယွင်းစွာမှတ်ယူကြသည်။ ကျွန်ုပ်တို့သည် ရောမဩဝါဒစာတွင် တွေ့မြင်ရသည့်အရာများကိုနှစ်သက်ခြင်းဖြင့်၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်ဧဝံဂေလိတရားဆိုင်ရာဓမ္မပညာ၏အလေးထားမှုများကို ဆင်ခြေပေးကြသည်။ သေချာသည်မှာ၊ ရောမဩဝါဒစာသည် ဧဝံဂေလိတရားဆိုင်ရာဓမ္မပညာတွင် အထူးသဖြင့် အပြစ်တရားနှင့် ကယ်တင်ခြင်းကဲ့သို့သော အဓိကကျသောအကြောင်းအရာများစွာကို ဖော်ပြသည်။ သို့သော် ရောမမြို့ရှိ ကနဦးအသင်းတော်တွင် သင်းအုပ်ဆိုင်ရာ ပြဿနာများကိုဖြေရှင်းရန်အတွက် ပေါလုသည် ဤအကြောင်းအရာများနှင့်ပတ်သက်၍ ရေးခဲ့သည်ကို အနီးကပ်စစ်ဆေးမှုက ဖော်ထုတ်ပြသသည်။

အဓိကအားဖြင့်၊ ပေါလုသည် ပထမရာစု ရောမအသင်းတော်တွင် ယုဒလူမျိုးနှင့် တစ်ပါးအမျိုးသား ယုံကြည်သူများကြား ပေါ်ပေါက်ခဲ့သောပြဿနာများကို ဖြေရှင်းရန်အတွက် ရောမဩဝါဒစာကို ရေးသား ခဲ့သည်။

ရောမဩဝါဒစာဖွဲ့စည်းပုံ၏ ခြုံငုံသုံးသပ်ချက်သည် ဤသင်းအုပ်ဆိုင်ရာအာရုံစိုက်မှုကို အလွန် ရှင်းလင်းစေသည်။ ပထမအခန်းကြီးသုံးခန်းတွင်၊ ပေါလုသည် ယုံကြည်သူအသိုင်းအဝိုင်းတွင် ကျွန်ုပ်တို့ မကြာခဏကြားရသကဲ့သို့၊ အပြစ်ကိုအာရုံစိုက်ခြင်းမဟုတ်ပါ။ ယင်းအစား၊ ယုဒလူမျိုးများနှင့် တစ်ပါး အမျိုးသားများသည် အပြစ်သားများဖြစ်ကြောင်း သက်သေပြရန် အာရုံစိုက်ခဲ့ပြီး၊ တစ်ပါးသူထက်သာ လွန်သည်ဟု ပြောဆိုပိုင်ခွင့်မရှိပါ။

အခန်းကြီး ၄–၈ တွင် ဧဝံဂေလိဆရာများ မကြာခဏသွန်သင်သကဲ့သို့ ပေါလုသည် ကယ်တင် ခြင်းနည်းလမ်းကို ပြောခဲ့ခြင်းမဟုတ်ပါ။ ယင်းအစား၊ ဘုရားသခင်သည် ယုဒလူမျိုးများနှင့်တစ်ပါးအမျိုး သားများအတွက် တူညီသောကယ်တင်ခြင်းနည်းလမ်းကို မည်သို့ချမှတ်ခဲ့ကြောင်း အလေးပေးဖော်ပြခဲ့ သည်။ ခရစ်တော်ကိုယုံကြည်ခြင်းနှင့် ဝိညာဉ်တော်အားဖြင့် သန့်ရှင်းခြင်းသည် ယုဒလူမျိုးများနှင့် တစ်ပါးအမျိုးသားယုံကြည်သူများကို ဘုရားသခင်ရှေ့တန်းတူဖြစ်စေပါသည်။ ဤအချက်အရ၊ ရောမ ၉-၁၁ သည် ဘုရားသခင်၏လူ့သမိုင်းအစီအစဉ်တွင် ယုဒလူမျိုးများနှင့် တစ်ပါးအမျိုးသားများ၏ ဖြည့်စွက်အခန်းကဏ္ဍများကို အာရုံစိုက်ခြင်းသည် အံ့ဩစရာမဟုတ်ပါ။ ရောမ ၁၂–၁၆ တွင် ပေါလုသည် ယုဒလူမျိုးများနှင့် တစ်ပါးအမျိုးသားများကြား ပဋိပက္ခများနှင့်ပတ်သက်သည့် လက်တွေ့ကျသော ပြဿနာများစွာကို ကိုင်တွယ်ဖြေရှင်းခဲ့သည်မှာ အံ့ဩစရာမဟုတ်ပါ။ ဥပမာ၊ အခန်းကြီး ၁၂ တွင် ပေါလု က ခရစ်ယာန်များသည် လူမျိုးစုမတူကြသော်လည်း စည်းလုံးသောခန္ဓာကိုယ်အဖြစ် လုပ်ဆောင်သင့် သည်ဟု အခိုင်အမာဆိုခဲ့သည်။ အခန်းကြီး ၁၃ တွင်၊ ဘုရားသခင် ခန့်အပ်ထားသည့် တစ်ပါးအမျိုးသား အရပ်ဘက်အစိုးရများကိုနာခံရန် ယုဒလူမျိုးနှင့် တစ်ပါးအမျိုးသားခရစ်ယာန်များကို တိုက်တွန်းခဲ့သည်။ ပေါလုသည် သူ၏စာအဆုံးမသတ်မီ အခန်းကြီး ၁၄-၁၆ တွင်၊ ယုဒလူမျိုးများနှင့် တစ်ပါးအမျိုးသားတို့၏ ဓလေ့ထုံးတမ်းများနှင့်ပတ်သက်၍ အပြန်အလှန်နားလည်မှုလိုအပ်ကြောင်းကို အာရုံစိုက်ခဲ့သည်။

ရောမဩဝါဒစာ၏ဤအကျဉ်းချုပ်ပုံစံကပေါလုသည် သူ၏ဓမ္မပညာဆိုင်ရာအဓိကအချက်ကို ထင်ရှားစေရန်၊ စိတ်ကူးယဉ်ထုတ်ပြန်ချက်အဖြစ် ရောမဩဝါဒစာကို မရေးသားခဲ့ကြောင်း ဖော်ပြသည်။ ယင်းအစား၊ ရောမမြို့အသင်းတော်ရှိ ယုဒခရစ်ယာန်များနှင့် တစ်ပါးအမျိုးသားခရစ်ယာန်များကြား ဆက်ဆံရေးအတွက် ဤဩဝါဒစာသည်ပေါလု၏ဓမ္မပညာကို ကျင့်သုံးခဲ့သည်။ ရောမဩဝါဒစာသည် အချို့သောအလွန်တိကျသည့် လိုအပ်ချက်များအတွက် ပေါလု၏ဓမ္မပညာကို ကျင့်သုံးခဲ့သည်။

> အစောပိုင်းလများတွင် ပေါလုသည် ဂရိနိုင်ငံတောင်ပိုင်း၊ ကောရိန္သုမြို့တွင် သုံးလကြာနေထိုင်ခဲ့သည်။ အေဒီ ၅၇ တွင်ဖြစ်နိုင်ပါသည်။ ၎င်းသည် သူ့အတွက် တိုးချဲ့လေ့လာခြင်းအတွက် ခွင့်ပန်ခြင်းတစ်မျိုး၊ သူ၏ခရီးစဉ်အတွက်အနားယူရန် အခွင့်အလမ်းတစ်ခုနှင့် ရောမမြို့ရှိအသင်းတော်ထံသို့ စာရေးမည့်အချိန်ဖြစ် သည်။ သူအဘယ်ကြောင့် ရေးသနည်း။ တစ်စိတ်တစ်ပိုင်းအားဖြင့်၊ သူသည်

> ရောမမြို့ရှိ အသင်းတော်ထံအလည်အပတ်သွားလိုသောကြောင့် ဖြစ်သော်လည်း၊ ယခုမူကာ မိမိစုဆောင်းထားသောငွေများကိုယူဆောင်ကာ ယေရုရှလင်မြို့အထိ အခြားလမ်းဖြင့်သွားရမည်ဖြစ်သည်...ရောမဩဝါဒစာကို ရေးရန် ပေါလုကို လှုံ့ဆော်ပေးသည့် တခြားကိစ္စများလည်း ရှိပါသည်။ အေဒီ ၄၉ တွင် ရောမမြို့မှ နှင်ထုတ်ခံခဲ့ရသော ယုဒလူမျိုးခရစ်ယာန်များအကြောင်းကို သူကြားပေမည်။ သို့သော် အေဒီ ၅၄ တွင်ပြန်လာနိုင်ခဲ့ပါသည်။ — ၎င်းသည် သူ၏ရေးသားချက်များမတိုင်မီ သုံးနှစ်အလိုတွင်ဖြစ်သည် — သူတို့သည် ဤမြို့သို့ ပြန်လာကြကြောင်းကိုလည်းကောင်း၊ ယုဒလူမျိုးခရစ်ယာန်များနှင့် တစ်ပါးအမျိုးသားခရစ်ယာန်များကြားတွင် တင်းမာမှုအနည်းငယ်ရှိနေ ကြောင်းကိုလည်းကောင်း သူကြားသိရသည်။ မည်သူက တာဝန်ရှိသနည်း။ မည်သူက အသာစီးရသနည်း။ သူတို့သည် တစ်ဦးကိုတစ်ဦး လေးစားကြ သလော။ သူတို့သည် အချင်းချင်းတွေ့ဆုံကြသလော—ထိုသို့သော မေးခွန်းမျိုးများဖြစ်သည်။ ထို့ကြောင့်၊ သူ၏ရေးသားချက်အချို့သည် ထိုအရာများ၏တွန်းအားကြောင့်ဖြစ်ပြီး၊ ယုဒလူမျိုးနှင့် တစ်ပါးအမျိုးသား များကြား ခရစ်တော်၌စည်းလုံးညီညွတ်မှုကိုပြသရန်၊ အားနည်းသူများနှင့် သန်မာသူတို့သည် အချင်းချင်း ဂရုစိုက်ရန်လိုအပ်ကြောင်း ပြသရန်၊ "အိုး၊ မိမိတို့သည် ယခုအနည်းငယ်ပိုအရေးကြီးသည်၊ ယုဒလူမျိုးခရစ်ယာန်များကို မည်သူလိုအပ်သနည်း။ မိမိတို့ကိုယ်တိုင်လုပ်နိုင်သည်"ဟု တစ်ပါးအမျိုးသား များ၏စဉ်းစားခြင်းကို ရပ်တန့်ရန်ဖြစ်သည်။ ထို့ကြောင့်၊ သူ၏ရေးသားချက် များတွင် ဤသို့သောပြဿနာမျိုးများလည်း ပါဝင်သည်။ ၎င်းသည် သူ့ရေးသားချက်တစ်ခုလုံး၏ရည်ရွယ်ချက်ဖြစ်သည်ဟု ကျွန်ုပ်မထင်ပါ၊ သို့သော် သူအမှန်တကယ် ထိတွေ့ချင်သည့်အရာများထဲမှ တစ်ခုဖြစ်သည် ။

**Dr Peter Walker**

ပေါလုတွင် ကောင်းစွာဖွဲ့စည်းထားပြီး၊ ယုတ္တိရှိသော ယုံကြည်ချက်တစ်ခု သို့မဟုတ် ဓမ္မပညာဆိုင်ရာ"စနစ်" ဟုခေါ်သည့်အရာရှိခဲ့ကြောင်း ကျွန်ုပ်တို့ယုံကြည်ခွင့်ရှိပါသည်။ သို့သော် ပေါလု၏ဓမ္မပညာစနစ်သည် သူ၏ဩဝါဒစာများ၏အခြေခံအုတ်မြစ်ဖြစ်ခဲ့သော်လည်း မရေးထားသေးပါ။ ကျွန်ုပ်တို့သိရသည်မှာ၊ ပေါလု၏ဓမ္မပညာစနစ်သည် အပြည့်အဝရေးထားသောပုံစံသို့ တစ်ခါမှမရောက်ခဲ့ပါ။ မည်သို့ပင်ဆိုစေကာမူ၊ သူရေးခဲ့သောစာများကိုအခြေခံ၍ အတိုင်းအတာတစ်ခုအထိ ပြန်လည်တည်ဆောက်နိုင်ပါသည်။

ပေါလု၏ညီညွတ်သောဓမ္မပညာဆိုင်ရာစနစ်အား ပြန်လည်တည်ဆောက်ရန်၊ သူ၏စာများတွင် သူအလေးပေးဖော်ပြခဲ့သော အကြောင်းအရာများကိုသာကြည့်ခြင်းမျိုး ကျွန်ုပ်တို့မလုပ်ပါ။ ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည့်အတိုင်း၊ ပေါလုသည် သူ၏ကာလရှိ အသင်းတော်များ၏လိုအပ်ချက်များကို ဖြည့်ဆည်း

ရန် သူ၏စာများတွင် သူ၏ဓမ္မပညာကို လက်တွေ့ကျင့်သုံးခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့မေးရမည်မှာ_ ပေါလုရေးခဲ့သည့် တိကျသောအချက်များကို မည်သည့်ဓမ္မပညာဆိုင်ရာအမြင်များက ထောက်ကူပေးသနည်း။ သူ၏စာများတွင် ကျွန်ုပ်တို့တွေ့ရှိသည့်အရာနှင့်ပတ်သက်၍ မည်သည့်ညီညွတ်သောယုံကြည်ချက်ပုံစံများက အကောင်းဆုံးရှင်းပြသနည်း။ ကွဲပြားသောအသင်းတော်များသို့ ပေါလုရေးခဲ့သော တိကျသေချာသည့်အရာအားလုံးကို မည်သည့်ယုတ္တိရှိသောအယူဝါဒစနစ်က ချိတ်ဆက်ပေးသနည်း။ ဤကဲ့သို့သောမေးခွန်းများကိုဖြေဆိုခြင်းဖြင့်၊ ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်ကို ကျွန်ုပ်တို့ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်သည်။

ပေါလု၏နောက်ခံနှင့် အမှုတော်တို့ကို ကြည့်ရှုပြီးနောက်၊ ယခုကျွန်ုပ်တို့သည် ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအမြင်များကို တိုက်ရိုက်ကြည့်ရှုရန် အသင့်ဖြစ်နေပြီဖြစ်သည်။

# အဓိကရှုမြင်သုံးသပ်ချက်

ခရစ်တော်၏နောက်လိုက်များအားလုံးသည် ၎င်းတို့၏ခရစ်ယာန်ယုံကြည်ချက်များကို တစ်နည်းမဟုတ်တစ်နည်းစုစည်းကြသည်။ ဤအရာကို မည်သို့လုပ်ဆောင်သည်ကို ကျွန်ုပ်တို့တစ်ခါမျှ မဖော်ပြဖူးသော်လည်း၊ ဘုရားသခင်အကြောင်း၊ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ ကမ္ဘာကြီးအကြောင်း ကျွန်ုပ်တို့၏တွေးမြင်ပုံကို ပုံဖော်ထားသည့် အခြေခံယုံကြည်ချက်အစုံရှိပါသည်။ ဤအခြေခံယုံကြည်ချက်များသည် ကျွန်ုပ်တို့ယုံကြည်သည့် အခြားအရာများအပေါ် သက်ရောက်မှုရှိသည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာများကို လမ်းညွှန်ပေးသည်။ တမန်တော်ပေါလုအတွက်လည်း အလားတူပင်ဖြစ်သည်။ သူ၏အခြေခံယုံကြည်ချက်သည် အဘယ်နည်း။ မည်သည့်ဓမ္မပညာဆိုင်ရာအမြင်မျိုးသည် သူရေးသည့်ဩဝါဒစာများအတွက် အခြေခံအုတ်မြစ်ဖြစ်သနည်း။

ရာစုနှစ်များတစ်လျှောက်၊ ပညာရှင်တို့သည် ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအမြင်များကို နည်းလမ်းများစွာဖြင့် ဖော်ပြခဲ့ကြသည်။ သို့သော် ကျွန်ုပ်တို့သည် ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်တွင် အလွန်ဩဇာကြီးမားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှစ်ခုကိုသာ အာရုံစိုက်ပါမည်။ ပထမ၊ ပေါလု၏ဓမ္မပညာအပေါ် ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာရှုထောင့်နှင့် ဒုတိယ၊ "နောက်ဆုံးသောကာလဆိုင်ရာရှုထောင့်"ဖြစ်သည်။ ပေါလု၏ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာအမြင်ကို ဦးစွာကြည့်ကြပါစို့။ ပရိုတက်စတင့်ပြုပြင်ပြောင်းလဲရေးသမားများသည် ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကဖွဲ့စည်းပုံကို မည်သို့နားလည်ခဲ့ကြသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ပြုပြင်ပြောင်းလဲရေး

ပြုပြင်ပြောင်းလဲရေးမတိုင်မီ ရာစုနှစ်များအတွင်း၊ ကယ်တင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်နှင့် လူသား၏ထိုက်တန်မှုနှစ်ခုစလုံးလိုအပ်သည်ဟု ရိုမန်ကက်သလစ်အသင်းတော်သွန်သင်ခဲ့သည်။ ဤသွန်သင်ချက်များအရ၊ ဖြောင့်မတ်ခြင်းသည် —ဘုရားသခင်၏အမြင်၌ ဖြောင့်မတ်ခြင်း— ယုံကြည်သူထံ ဘုရားသခင်ပေးသည့် ကျေးဇူးတော်၏ ရှည်လျားသောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ဤကျေးဇူးတော်သည် ယုံကြည်သူအား ကောင်းသောအကျင့်ကို ကျင့်ခြင်းဖြင့် ပို၍ဖြောင့်မတ်ခြင်းသို့ ရောက်စေပါသည်။ ဤအမြင်အရ၊ လူတို့သည် လုံလောက်သောကောင်းမှုကုသိုလ်များ ပြုလုပ်ပြီးသောအခါ၊ အမှန်တကယ်ဖြောင့်မတ်သူအဖြစ် မှတ်ယူခြင်းခံရသည်။

သို့သော် မာတင်လူသာ၊ ဦးရစ်စွင်ဂလီနှင့် ဂျွန်ကယ်လ်ဗင်ကဲ့သို့သော ပြုပြင်ပြောင်းလဲရေးခေါင်းဆောင်များက ပေါလု၏စာများကိုဖတ်သောအခါ၊ ကက်သလစ်အသင်းတော်၏ အနက်ပြန်ဆိုချက်သည် မှားယွင်းသည်ဟု ကောက်ချက်ချခဲ့ကြသည်။ ဖြောင့်မတ်ခြင်းသည် အချိန်ကာလကြာမြင့်စွာကပင် လူသား၏ကြိုးစားအားထုတ်မှုနှင့် ရောနှောနေခြင်း*မဟုတ်*ဟုဆိုသော ဩဂတ်စတင်း၏သွန်သင်ချက်ကို သူတို့လိုက်နာကြသည်။ ယင်းအစား၊ ၎င်းကို လူသား၏လုပ်ဆောင်မှုများနှင့် လုံးဝခြားနားသည်ဟု တစ်ချိန်တည်းတွင် သတ်မှတ်ခဲ့သည်။

ပရိုတက်စတင့်များက သန့်ရှင်းစင်ကြယ်ခြင်း— ခရစ်ယာန်အသက်တာ၏ရှည်လျားသော လုပ်ငန်းစဉ်—သည် ဖြောင့်မတ်ခြင်း၏နောက်ဆက်တွဲဖြစ်ပြီး ယုံကြည်သူ၏အသက်တာတစ်ခုလုံးအတွက် ဆက်လက်တည်ရှိသည်ဟု ယုံကြည်ကြသည်။ သို့သော် *ဖြောင့်မတ်ခြင်း*မှာ ယုံကြည်သူတစ်ဦးသည်အပြစ်ဒုစရိုက်မှအပြည့်အဝလွတ်ကင်းပြီး၊ ခရစ်တော်၏ ဖြောင့်မတ်ခြင်းကိုအသိအမှတ်ပြုကြောင်း ကောင်းကင်တရားရုံးတွင် တစ်ကြိမ်တည်းနှင့်လုံလောက်သော ဘုရား၏တရားဝင်ကြေငြာချက်ဖြစ်သည်။ ဤယုံကြည်ချက်ကို *Sola-fide*—"ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာ"—ဟုခေါ်သည်၊ အဘယ်ကြောင့်ဆိုသော် ဖြောင့်မတ်ခြင်းသည် ခရစ်တော်ကိုယုံကြည်ခြင်းနည်းလမ်းအားဖြင့်သာဖြစ်ပြီး၊ ယုံကြည်ခြင်းနှင့် ကျွန်ုပ်တို့၏ကောင်းမှုကုသိုလ်များပေါင်းစပ်ခြင်းအားဖြင့် မဟုတ်ပါ။

ပြုပြင်ပြောင်းလဲရေးသမားများသည် ဤအယူဝါဒကို ပေါလု၏ရေးသားချက်များတွင် ရှာပိုင်ခွင့်ရှိသည်မှာ ရှင်းပါသည်။ ကနဦးအသင်းတော်တွင်၊ ဂျူးယုံကြည်သူများဟုခေါ်လေ့ရှိသော ယုံကြည်သူယုဒလူမျိုးအချို့က ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်နှင့် လူသား၏ထိုက်တန်မှုတို့ပေါင်းစပ်ခြင်းမှ ဖြစ်ပေါ်လာသည်ဟု ဆိုကြသည်။ သို့သော် ပေါလုသည် ကနဦးအသင်းတော်တွင် ဤတရားဝင်အယူဝါဒကိုဆန့်ကျင်ခဲ့ပြီး၊ ဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ဖြစ်ပေါ်လာသော ထူးခြားသောဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ ပညတ်တရားအားဖြင့် မဟုတ်ကြောင်း အခိုင်အမာပြောဆိုခဲ့သည်။

ပြုပြင်ပြောင်းလဲရေး၏အငြင်းပွားမှုများနှင့် ပေါလုရင်ဆိုင်ရသည့်အငြင်းပွားမှုများကြား တူညီမှုများသည် လုံလောက်ပါသည်။ ရိုမန်ကက်သလစ်အသင်းတော်၏ တရားဝင်အယူဝါဒသည် ယုဒလူမျိုးတို့၏ တရားဝင်အယူဝါဒနှင့် အကြမ်းဖျင်းအားဖြင့် ဆက်စပ်နေသည်။ ပြုပြင်ပြောင်းလဲခြင်း၏ Sola

*fide*— ယုံကြည်ခြင်းတစ်ခုတည်းဖြင့် ဖြောင့်မတ်ခြင်း — သည် ပေါလု၏သွန်သင်ချက်ဖြစ်သော ခရစ်တော်၌စစ်မှန်သည့်ယုံကြည်ခြင်းရှိသူ ယောကျာ်း၊ မိန်းမ၊ ကလေးတိုင်းသည် ဖြောင့်မတ်သူဖြစ်ကြောင်း ဘုရားသခင်၏ကြေညာပုံနှင့် တူညီသည်။

ဤတူညီချက်များကြောင့်၊ ယုံကြည်သူပရိုတက်စတင့်များက ပေါလု၏ဓမ္မပညာ၏ဗဟိုချက်သည် ယုံကြည်သူတစ်ဦးချင်းအတွက် ကယ်တင်ခြင်းရရှိပုံဖြစ်ကြောင်း ရာစုနှစ်များတစ်လျှောက် အစဉ်အလာအားဖြင့် စွဲကိုင်ထားသည်။ ဓမ္မပညာဆိုင်ရာအသုံးအနှုန်းအရ၊ ပေါလု၏ဓမ္မပညာတစ်ခုလုံးသည် *ordo salutis* (သို့) "ကယ်တင်ခြင်းအစီအစဉ်"နှင့် ဖွဲ့စည်းထားသည်ဟု ယူဆခဲ့သည်—၎င်းသည် သင်နှင့်ကျွန်ုပ်ကဲ့သို့တစ်ဦးချင်းစီအတွက် ခရစ်တော်၏ကယ်တင်ခြင်းလုပ်ငန်းစဉ်ကို ကျင့်သုံးခြင်းဖြစ်သည်။ ထို့ကြောင့်၊ ပြုပြင်ပြောင်းလဲရေးအစဉ်အလာတွင်၊ ပရိုတက်စတင့်အများစုသည် *ordo salutis*နှင့် အထူးသဖြင့် ယုံကြည်ခြင်းတစ်ခုတည်းဖြင့် ဖြောင့်မတ်ခြင်းတို့သည် ပေါလု၏ဓမ္မပညာတွင် အဓိကအကျဆုံး၊ ပေါင်းစည်းထားသောအယူအဆဖြစ်သည်ဟု ယုံကြည်ကြသည်။ ၎င်းသည် သူ၏ဓမ္မပညာ၏ အဓိကအချက်ဖြစ်သည်ဟု သူတို့ယုံကြည်ကြသည်။

အခြားသောအရာများစွာကိုလည်း ပေါလုယုံကြည်ကြောင်းကိုလည်း ပရိုတက်စတင့်များက အသိအမှတ်ပြုကြသည်။ ဥပမာ၊ ခရစ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတွင် သမ္မာကျမ်းစာသမိုင်းသည် အထွတ်အထိပ်သို့ရောက်ရှိသွားပုံနှင့်ပတ်သက်၍အလေးထားခဲ့သည်။ ဓမ္မပညာဆိုင်ရာအသုံးအနှုန်းအရ၊ ကျွန်ုပ်တို့သည် သူ၏ဤသွန်သင်ချက်ကဏ္ဍကို *historia salutis* သို့မဟုတ် "ကယ်တင်ခြင်းသမိုင်း" ဟုခေါ်သည်။ သို့သော် မကြာသေးမီနှစ်များအထိ၊ ပေါလု၏ဓမ္မပညာနှင့်ပတ်သက်၍ ရိုးရာပရိုတက်စတင့်အများစု၏နားလည်မှုမှာ ကယ်တင်ခြင်းသမိုင်းသည် ကယ်တင်ခြင်းအစီအစဉ်ထက် သိသာထင်ရှားမှုနည်းသည်ဟုဆိုသည်။

ပြုပြင်ပြောင်းလဲရေးအမြင်သည် ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကရှုမြင်သုံးသပ်ချက်ကို အဓိပ္ပာယ်ဖွင့်ဆို ရာတွင် လွှမ်းမိုးထားသော်လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အထူးသဖြင့် မကြာသေးမီဆယ်စုနှစ် များအတွင်း ပေါလု၏ဓမ္မပညာနှင့်ပတ်သက်သည့် "နောက်ဆုံးသောကာလဆိုင်ရာရှုထောင့်" ဟုခေါ်သော နောက်ထပ်ဖြည့်စွက်ရှုထောင့်တစ်ခုသည် ရှေ့သို့ရောက်လာသည်။

## နောက်ဆုံးသောကာလဆိုင်ရာ

ပေါလု၏ဓမ္မပညာနှင့်ပတ်သက်သော နောက်ဆုံးသောကာလဆိုင်ရာရှုထောင့်သည် ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအင်္ဂါရပ်၌ သမ္မာကျမ်းစာ၏သမိုင်းသည် ခရစ်တော်၌အထွတ်အထိပ်သို့ ရောက်ရှိပုံကို အလေးပေးဖော်ပြသည်။ မကြာသေးမီဆယ်စုနှစ်များအတွင်း ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်အပေါ် အခြားရှုမြင်ချက်များကို အကြံပြုဖော်ပြခဲ့ကြသည်။ ထင်ရှားသောဓမ္မပညာရှင်အချို့က ပေါလု၏ဓမ္မပညာသည် သူ၏ယုဒလူမျိုးနောက်ခံနှင့် ဂရိအတွေးအခေါ်များပေါင်းစည်းခြင်းအပေါ် အဓိကအာရုံစိုက်သည်ဟု ဆိုကြသည်။ အခြားသူများက ပေါလုသည် ဇာတိပကတိကိလေသာဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အသက်ရှင်ခြင်းထက်၊ ဆင်ခြင်တုံတရားကျင့်ဝတ်ဖြင့် အသက်ရှင်ခြင်းကို ထောက်ခံအားပေးသည်ဟု မြင်ကြသည်။ အခြားသူများကလည်း ပေါလု၏ဓမ္မပညာသည် လျှို့ဝှက်ဆန်းကြယ်သောဘာသာတရားကြောင့် အလွန်သြဇာလွှမ်းမိုးခဲ့သည်ဟု ဆိုကြသည်။ ဤရှုထောင့်အချို့သည် ပေါလု၏ဓမ္မပညာဆိုင်ရာ ထိုးထွင်းသိမြင်မှုကိုပေးသော်လည်း၊ ယင်းတို့တစ်ခုမှ သူ၏ဓမ္မပညာအပေါ် နောက်ဆုံးသောကာလဆိုင်ရာရှုမြင်ပုံများကဲ့သို့ အထောက်အကူမဖြစ်ကြောင်း သက်သေပြခဲ့သည်။

ပေါလု၏ဓမ္မပညာနှင့်ပတ်သက်သော နောက်ဆုံးသောကာလဆိုင်ရာရှုမြင်ပုံကိုလေ့လာရန်၊ ပြဿနာသုံးရပ်ကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်_ ပထမ၊ ဤရှုမြင်ပုံကို ဆွေးနွေးရန်အသုံးပြုသည့် အသုံးအနှုန်း၊ ဒုတိယ၊ ပေါလု၏နောက်ဆုံးသောကာလဆိုင်ရာဖွဲ့စည်းပုံနှင့် တတိယ၊ သူ၏ဓမ္မပညာအားလုံးအတွက် ပေါလု၏ နောက်ဆုံးသောကာလဆိုင်ရာသက်ရောက်မှုများစသည်တို့ဖြစ်သည်။ နောက်ဆုံးသောကာလဆိုင်ရာအသုံးအနှုန်းကို ဦးစွာကြည့်ကြပါစို့။

## အသုံးအနှုန်း

"နောက်ဆုံးသောကာလ" ဟူသော ဝေါဟာရသည် ဂရိစကားလုံး *eschatos* (*ἔσχατος*) မှ ဆင်းသက်လာပြီး၊ အဓိပ္ပါယ်မှာ "နောက်ဆုံး" သို့မဟုတ် "အဆုံး"ဖြစ်ပြီး၊ *logos* (*λόγος*) ၏အဓိပ္ပါယ်မှာ "နုတ်ကပတ်တော်" သို့မဟုတ်"လေ့လာချက်"ဟူ၍ဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးသောကာလသည်_

> နောက်ဆုံးသောနေ့ရက်များကိုလေ့လာခြင်း သို့မဟုတ်
> နောက်ဆုံးသောနေ့ရက်များဆိုင်ရာအယူဝါဒ ဖြစ်သည်။

ဓမ္မဟောင်းကျမ်းသည် မြေကြီးပေါ်သို့မေရှိယကြွလာကာ ဘုရားသခင်၏ရည်ရွယ်ချက်များအားလုံးကို ဖြည့်ဆည်းပေးမည့်အချိန်တွင် ဖြစ်ပေါ်လာမည့်သမိုင်း၏အထွတ်အထိပ်ကိုရည်ညွှန်းရန်၊ "နောက်ဆုံးသောနေ့ရက်များ" "နောင်ကာလ" သို့မဟုတ် "ထိုနေ့ရက်" ကဲ့သို့သော ဝေါဟာရများကို မကြာခဏအသုံးပြုလေ့ရှိသည်။ ဓမ္မဟောင်းကျမ်း၏ ဤ"နောက်ဆုံးသောနေ့ရက်များ" သို့မဟုတ် "နောက်ဆုံးသောကာလ"၏ပြည့်စုံမှုသည် မေရှိယသခင်ယေရှုအားဖြင့် ရောက်ရှိလာကြောင်း ဓမ္မသစ်ကျမ်းတွင် အကြိမ်များစွာ အတိအလင်းဖော်ပြထားသည်။

ရိုးရာစနစ်ကျသောဓမ္မပညာတွင်၊ "နောက်ဆုံးသောကာလ" ဟူသောအသုံးအနှုန်းသည် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းနှင့်ပတ်သက်ပြီး ဓမ္မသစ်ကျမ်းက သွန်သင်ထားသည့်အချက်ကို အဓိကရည်ညွှန်းသည်။ သို့သော် *ပေါလု၏* ဓမ္မပညာတွင်တွေ့ရသော နောက်ဆုံးသောကာလအကြောင်း ကျွန်ုပ်တို့ပြောသောအခါ၊ ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းထက် ပို၍ရည်ညွှန်းရန် ဝေါဟာရ၏ အဓိပ္ပာယ်ကို ချဲ့ထွင်ရပါသည်။ ကျွန်ုပ်တို့မြင်ရသကဲ့သို့၊ ပေါလုသည် ခရစ်တော်၏ပထမကြွလာချိန်မှ ဒုတိယကြွလာချိန်အထိ၊ လျှို့ဝှက်ချက် သို့မဟုတ် သမိုင်း၏အထွတ်အထိပ် နောက်ဆုံးသောကာလအဖြစ်၊ ခရစ်တော်နှင့်ပတ်သက်သည့် အရာအားလုံးကို နားလည်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်ဆုံးသောကာလဟူသော စကားလုံးသည် *eschatos* နှင့် logos တို့၏ ဝေါဟာရသမိုင်းကိုအခြေခံ၍ "နောက်ဆုံးသောကာလဆိုင်ရာအယူဝါဒ" အဖြစ် အစဉ်အလာအားဖြင့် အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည် — *eschatos* သည် "နောက်ဆုံးသောအရာများ" ဟု အဓိပ္ပာယ်ရသည် — ၎င်းသည် အစဉ်အလာအားဖြင့် တစ်ဦးချင်းဆိုင်ရာနှင့် စကြာဝဠာလုံးဆိုင်ရာ နောက်ဆုံးသောကာလ နှစ်ခုစလုံးနှင့် သက်ဆိုင်ပါသည်။ တစ်ဦးချင်းဆိုင်ရာနောက်ဆုံးသောကာလသည် သေခြင်းတရား၊ ကြားခံအခြေအနေနှင့် သက်ဆိုင်သော်လည်း၊ စကြာဝဠာလုံးဆိုင်ရာ နောက်ဆုံးသောကာလသည် ခရစ်တော်၏ ဒုတိယကြွလာခြင်း၊ နောက်ဆုံးတရားစီရင်ခြင်း၊ ယေဘူယျရှင်ပြန်ထမြောက်ခြင်း၊ ထာဝရကြမ္မာ၊ ကောင်းကင်၊ ငရဲတို့နှင့် သက်ဆိုင်သည်။ သို့သော် နောက်ဆုံးသောကာလကို ပိုမိုကျယ်ပြန့်သည့်သဘောတရားဖြင့် ကြည့်ချင်ပါသည်။ အကယ်၍ နောက်ဆုံးသောကာလသည် ဒုတိယကြွလာခြင်းနှင့်သာ ဆက်စပ်နေပါက၊ ခရစ်ဝင်ကျမ်းများနှင့် ပေါလု၏သွန်သင်ချက်များတွင် နောက်ဆုံးသောကာလဆိုင်ရာကဏ္ဍများစွာကို ကျွန်ုပ်တို့ ဆုံးရှုံးရမည်ဖြစ်ပါသည်။ခရစ်တော်၏ပထမကြွလာခြင်းသည် သူ၏ဒုတိယကြွလာခြင်းကဲ့သို့ နောက်ဆုံးသောကာလဆိုင်ရာဖြစ်သည်ကို ကျွန်ုပ်တို့တွေ့မြင်နားလည်ပါက၊ ကျွန်ုပ်တို့သည် နောက်ဆုံးသောကာလနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သော သမ္မာကျမ်းစာဆိုင်ရာဓမ္မပညာအမြင်ကို စတင်ရှုမြင်နိုင်ပြီး၊ နောက်ဆုံးသောအရာများသည် ခရစ်တော်၏ပထမကြွလာခြင်းနှင့်အတူ စတင်ခဲ့သည်။ ၎င်းကို ကျွန်ုပ်တို့နားလည်ပါက၊ ဓမ္မဟောင်းကျမ်းအားလုံးလည်း ခရစ်တော်၏ ပထမကြွလာခြင်းအတွက် ပြင်ဆင်နေပြီး၊ နောက်ဆုံးသောကာလဆိုင်ရာကိုလည်းစောင့်မျှော်နေကြောင်း ကျွန်ုပ်တို့သဘောပေါက်ပါသည်။

**Dr Keith Mathison**

ပေါလု၏ဓမ္မပညာရှိ နောက်ဆုံးသောကာလ ဟူသောအသုံးအနှုန်းတွင် ခရစ်တော်၏ပထမကြွလာချိန်မှ ဒုတိယအကြိမ်ကြွလာချိန်အထိ ပြီးမြောက်အောင်မြင်ခဲ့သည့် အရာအားလုံးပါဝင်သည်ကို နားလည်ရန်၊ ကျွန်ုပ်တို့သည် ပေါလု၏နောက်ဆုံးသောကာလဆိုင်ရာ အမြင်များ၏ဖွဲ့စည်းပုံကို အာရုံစိုက်ရန်လိုအပ်သည်။ ပေါလုသည် နောက်ဆုံးသောနေ့ရက်များ သို့မဟုတ် ခရစ်တော်၌နောက်ဆုံးသောကာလကို မည်သို့ စိတ်ကူးခဲ့သနည်း။

## ဖွဲ့စည်းပုံ

ပေါလု၏နောက်ဆုံးသောကာလဆိုင်ရာ ဖွဲ့စည်းပုံ၏အသွင်သဏ္ဌာန်သုံးမျိုးကိုသာ ကျွန်ုပ်တို့ လေ့လာပါမည်_ ၎င်း၏မူလအစ၊ ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ၎င်း၏အဓိကအကြောင်းအရာအချို့ဖြစ်သည်။ ပေါလု၏နောက်ဆုံးသောကာလ မူလအစကို ဦးစွာကြည့်ကြပါစို့။

**မူလအစ** ပေါလု၏နောက်ဆုံးသောကာလသည် ဓမ္မဟောင်းမှဆင်းသက်လာပြီး သူ၏ကာလတွင် ပျံ့နှံ့နေသော ယုဒလူမျိုးများ၏အမြင်များတွင် အခြေပြုထားသည်။ ဓမ္မဟောင်းကျမ်းသည် ကမ္ဘာ့သမိုင်းကို ကာလနှစ်ပိုင်းအဖြစ် ပိုင်းခြားထားသည်ဟု ယုဒဓမ္မပညာရှင်များက ယေဘုယျအားဖြင့်ယူဆကြသည်။ ဤကာလများ၏ပထမကာလသည် ယခုမျက်မှောက်ကာလဖြစ်သည်— ယုဒဆရာများမှ "ဤကာလ"ဟုမကြာခဏခေါ်လေ့ရှိသော အပြစ်တရား၊ ဆင်းရဲဒုက္ခနှင့် သေခြင်းတရား၏ကာလ သို့မဟုတ် ဟေဗြဲဘာသာအားဖြင့် *olam hazeh* (*עוֹלָם הַזֶּה*)ဖြစ်သည်။ ကတိတော်ပြည်မှ နှင်ထုတ်ခံရသော ဣသရေလလူမျိုးသည် ဘုရားသခင်ထံမှ ပြင်းထန်သောကျိန်ခြင်းကိုခံရသောအခါ "ဤကာလ"သည် အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည်။ ယုဒဓမ္မပညာရှင်များသည် "ဤကာလ" ကို အလွန်အပျက်သဘောဆောင်သော အသုံးအနှုန်းများဖြင့် ပြောဆိုကြသည်မှာ အံ့သြစရာမဟုတ်ပါ။

သို့သော် ပေါလုကာလမှရဗ္ဗိဆရာများသည် ဤဆင်းရဲဒုက္ခကာလပြီးနောက်တွင် ဘုရားသခင်ထံမှ အံ့ဖွယ်ကောင်းချီးမင်္ဂလာများရရှိမည့် အနာဂတ်ကာလရှိမည်ဟု ယုံကြည်ခဲ့ကြသည်။ သူတို့သည် ဤအနာဂတ်ကာလကို "နောင်ကာလ" သို့မဟုတ် ဟေဗြဲဘာသာအားဖြင့် *olam haba* (*עוֹלָם הַבָּא*) ဟုခေါ်ကြသည်။ နောင်ကာလတွင်၊ ဘုရားသခင်သည် ဣသရေလလူတို့အား သူ၏ကတိတော်များအားလုံးကို ဖြည့်ဆည်းပေးပြီး၊ သူ၏နိုင်ငံတော်ကို မြေကြီးစွန်းတိုင်အောင် ပျံ့နှံ့စေမည်ဖြစ်သည်။

ပေါလုခေတ်ရှိ ယုဒလူမျိုးအုပ်စုအများစုသည် မေရှိယ၏ပေါ်ထွက်လာခြင်းသည် ဤသမိုင်းကာလများကြား အရေးကြီးသောအလှည့်အပြောင်းဖြစ်စေမည်ဟု ယုံကြည်ကြသည်။ မေရှိယကြွလာသောအခါ၊ ဘုရားသခင်သည် သူ၏ရန်သူများကို ရှင်းရှင်းဖျက်ဆီးပြီး၊ ကမ္ဘာတစ်ဝှမ်းရှိ သူ၏လူများကို ကောင်းချီးမင်္ဂလာပေးမည့်နေ့ဖြစ်သည့် "သခင်ဘုရား၏နေ့"ကို ကိုယ်တော်သည်ယူဆောင်လာမည်ဖြစ်သည်။ ဤသည်မှာ နောင်ကာလ၊ နောက်ဆုံး သို့မဟုတ် နောက်ဆုံးသောကာလကို ဦးတည်မည့်နေ့ဖြစ်လိမ့်မည်။

ပေါလု၏ဩဝါဒစာများကို ကျွန်ုပ်တို့ဖတ်သောအခါ၊ သူသည်လည်း သမိုင်းနှင့်ပတ်သက်၍ အလားတူကာလနှစ်ခုအမြင်ရှိကြောင်း ထင်ရှားပါသည်။ အမှန်တကယ်တွင်၊ သူသည်"ဤကာလ" ကို အပြစ်တရား၊ ဆင်းရဲဒုက္ခနှင့် သေခြင်းတရား၏ကာလအဖြစ် အနည်းဆုံးဆယ့်နှစ်ကြိမ်မျှ တိုက်ရိုက်ရည်ညွှန်းခဲ့သည်။ ဥပမာအားဖြင့်၊ ၂ ကောရိန္သု ၄:၄ တွင် ပေါလုသည် စာတန်ကို "ဤလောကကိုအစိုးရသောဘုရား"အဖြစ် ရည်ညွှန်းခဲ့သည်။ ထို့ပြင် ၁ ကောရိန္သု ၁:၂၀ တွင် သူသည်"ပြဿနာ၌လေ့ကျက်သောဆရာ" အကြောင်း ပြောခဲ့သည်။

> ပေါလုသည် "ဤလောကကိုအစိုးရသောဘုရား" ကိုရည်ညွှန်းသောအခါ၊ နောက်ဆုံးတွင် သူသည် သဘာဝအားဖြင့် ဘုရားမဟုတ်သော အတုအယောင် နတ်ဘုရားအချို့ကို စီမံခန့်ခွဲသောလှည့်ဖြားသူ စာတန်အကြောင်း ပြောနေခြင်း ဖြစ်သည်။ "ဘုရား" ဟုခေါ်သော်လည်း၊ သူတို့သည် အမှန်တကယ်ဘုရားများ မဟုတ်ပါ။ ဓမ္မဟောင်းကျမ်း၌ ပရောဖက်ဟေရှာယက "ငါတပါးတည်းသာ ထာဝရဘုရားဖြစ်၏။ ငါမှတပါး အခြားသော ဘုရားသခင်မရှိ"ဟုဆိုသည်။ ထို့ကြောင့် ယေဟောဝါသည် မည်သည့်ဘုရားကိုမျှ မသိလျှင် မည်သည့်ဘုရားမှ ရှိမည်မဟုတ်ပါ။ သူသည် တစ်ပါးတည်းသော ဘုရားသခင်ဖြစ်သည်။ ဤလောကကိုအစိုးရသောဘုရားသည် အာကာသကောင်းကင်ကိုအစိုးရသော တန်ခိုးရှင်စာတန်ကို ရည်ညွှန်းပေလိမ့်မည်။
>
> **Rev. Clete Hux**

ထို့အပြင်၊ ပေါလုသည် လူသားမျိုးနွယ်ထံ နောက်ဆုံးစီရင်ချက်များနှင့် ကောင်းချီးမင်္ဂလာများ ရောက်လာမည့် အနာဂတ်ကာလကိုရည်ညွှန်းရန် "နောင်ကာလ"ဟူသောအသုံးအနှုန်းကို အသုံးပြုခဲ့သည်။ ဧဖက် ၂:၇ တွင်၊ ဘုရားသခင်သည် ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူကြောင်းကို "ထိုသခင်အားဖြင့် ငါတို့၌ကျေးဇူးပြု၍၊ ကျေးဇူးတော်၏အလွန်ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ ထင်ရှားစေမည်အကြောင်းဖြစ်သတည်း"ဟုဆိုခဲ့သည်။

သမိုင်းနှင့်ပတ်သက်သော ပေါလု၏ကာလနှစ်ခုအမြင်၏ အကောင်းဆုံးဥပမာကို ဧဖက် ၁:၂၁ တွင်တွေ့ရသည်။ ခရစ်တော်သည် ထိုင်နေတော်မူသည်ဟု ရေးသားသောအခါ ကာလနှစ်ခုစလုံးကို အတိအလင်း ကိုးကားဖော်ပြခဲ့သည်–

> ခပ်သိမ်းသောအထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်းမှစ၍ ယခုဘဝနောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သောဘွဲ့နာမအလုံးစုံတို့အထက်၊ ကောင်းကင်အရပ်၌ မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ် သောနေရာကို ခရစ်တော်အားပေးတော်မူ၍၊ (ဧဖက် ၁:၂၁)။

ပေါလုသည် ဤအခြေခံကာလနှစ်ခုပုံစံကို ဓမ္မဟောင်းကျမ်းနှင့် သူ၏ယုဒလူမျိုးနောက်ခံမှ အမွေဆက်ခံခဲ့သည်။

ထို့ကြောင့်၊ ဤမူလအစကိုစိတ်ထဲမှတ်သားထားခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ပေါလု၏ဓမ္မပညာတွင် တွေ့မြင်ရသော နောက်ဆုံးသောကာလဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြပါမည်။

**ဖွံ့ဖြိုးတိုးတက်မှု** ဤကာလနှင့် နောင်ကာလကြား အချိုးအကွေ့သည် မေရှိယ၏ပေါ်ထွက်လာခြင်းဖြစ်သည်ဟု ယေဘူယျအားဖြင့် ယုဒဆရာများ ယုံကြည်ကြသည်ကို သင်မှတ်မိပေလိမ့်မည်။ ဣသရေလလူမျိုးများသည် ကျွန်ခံရခြင်း၏ဆိုးရွားသောအကျိုးဆက်များကို ရာစုနှစ်များစွာကြာအောင်

ခံစားခဲ့ရသည်။ သို့သော် မေရှိယကြွလာသောအခါ၊ ဘုရားသခင်၏ရန်သူများသည် ဖျက်ဆီးခံရပြီး၊ ဘုရားသခင်အပေါ်သစ္စာရှိသူများသည် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ကိုယ်တော်၏ကောင်းချီး မင်္ဂလာများ အပြည့်အဝရရှိကြမည်ဟူသော မျှော်လင့်ချက်ကို သူတို့ထဲမှ သစ္စာရှိသူများသည်စွဲကိုင်ထား ကြသည်။

သို့သော် ယေရှု၏နောက်လိုက်တစ်ဦးဖြစ်လာသော ဖာရိရှဲတစ်ဦးအနေနှင့် ပေါလုသည်၊ ဤကြာ ရှည်စွာသောယုံကြည်ချက်အတွက် ကြီးမားသောစိန်ခေါ်မှုကို ရင်ဆိုင်ခဲ့ရသည်။ ယေရှုသည် ဣသရေလ လူမျိုး၏မေရှိယဖြစ်ကြောင်း သူသိသော်လည်း၊ ယေရှုသည်ဣသရေလတို့မျှော်လင့်ထားသည့်အတိုင်း ဖန်ဆင်းခြင်း၏အထွတ်အထိပ်ကို မယူဆောင်ကြောင်းကိုလည်း သူသိသည်။ ထို့ကြောင့် ပေါလုသည် ယေရှု၏သွန်သင်ချက်များကို လိုက်လျှောက်ပြီး၊ ယုဒလူမျိုးများ၏ရိုးရာအမြင်များကို သွေဖည်သွားစေ သည့် ဘုရားသခင်ထံမှ အထူးဖွင့်လှစ်ဖော်ပြခြင်းကို ရရှိခဲ့သည်။ ပေါလုရှင်းပြသည့်အတိုင်း၊ ဤကာလမှ နောင်ကာလသို့ ကူးပြောင်းခြင်းသည် ဖြောင့်တန်းသည့်ကူးပြောင်းခြင်း မဟုတ်ပါ။ ယင်းအစား၊ ကာလ နှစ်ခုစလုံးသည် တစ်ပြိုင်တည်းတည်ရှိနေသောအခါ တစ်ခုနှင့်တစ်ခုထပ်နေသောကာလ ပါဝင်သည်။

သူ၏အမြင်အရ၊ နောင်ကာလသည် ခရစ်တော်၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ တက်ကြွ ခြင်းနှင့် ပထမရာစုအသင်းတော်ရှိ တမန်တော်များအပေါ် ဝိညာဉ်တော်သွန်းလောင်းခြင်းအားဖြင့် စတင် ခဲ့သည်။ ဧဝံဂေလိတရားသည် ကမ္ဘာတစ်ဝှမ်းလုံးသို့ ဆက်လက်ပျံ့နှံ့နေမည့် အကန့်အသတ်မဲ့အချိန် ကာလတစ်ခုရှိလိမ့်မည်ဟုလည်း ပေါလုယုံကြည်ခဲ့သည်။ ထို့နောက် နောင်ကာလသည် ဘုန်းအသရေ ဖြင့် ခရစ်တော်ပြန်လာသောအခါ ပြီးပြည့်စုံမည်ဖြစ်သည်။ အနာဂတ်တွင်၊ ဤဆိုးယုတ်သောကာလ သည် ကုန်ဆုံးမည်ဖြစ်ပြီး၊ နောင်ကာလသည် ဘုရားသခင်၏လူမျိုးအတွက် အဆုံးစွန်သောကောင်းချီး မင်္ဂလာများနှင့် ကိုယ်တော်၏ရန်သူများကို နောက်ဆုံးတရားစီရင်ခြင်းနှင့်အတူ အလုံးစုံပြည့်စုံခြင်းသို့ ရောက်ရှိမည်ဖြစ်သည်။ သို့သော် ထိုအချိန်တွင်၊ ကာလနှစ်ခုစလုံးသည်—ဤကာလနှင့် နောင်ကာလ— တစ်ခုနှင့်တစ်ခု ယှဉ်တွဲတည်ရှိနေမည်ဖြစ်သည်။

> "အမှုပြီးပြီ၊ မပြည့်စုံသေး" အကြားရှိ ဤတင်းမာမှုသည် အမှန်တကယ်တွင် ပေါလု၏အရာများအပေါ် ရှုမြင်ပုံအရ သာမာန်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် အံ့ဖွယ်အမှုများစွာကို ပြုလုပ်ထားပြီးဖြစ်သည်_ ကျွန်ုပ်သည် ဖြောင့်မတ်ခြင်း၊ ကယ်တင်ခြင်း၊ ရွေးနှုတ်ခြင်းနှင့် ဘုရားသခင်၏မိသားစုဝင် ဖြစ်ခွင့်ကို ခံစားရပါသည်။ သို့တိုင်၊ ကျွန်ုပ်သည် ဘုရားသခင်၏မိသားစုထဲသို့ တစ်နေ့တွင် ဖြစ်လာမည့်ပုံစံအတိုင်း အပြည့်အဝ မဖြစ်သေးပါ။ ကျွန်ုပ်သည် ချီးမြှောက်ခြင်းမခံရသေးပါ။ အပြစ်တရား၊ သွေးဆောင်ခြင်း၊ ဖျားနာခြင်း၊ သေခြင်းတရားမှ မလွတ်ကင်းသေးပါ။ ၎င်းသည် "အမှုပြီးပြီ၊ မပြည့်စုံသေး" ဟု တစ်ခါတစ်ရံ ကျွန်ုပ်တို့ပြောလေ့ရှိသည့် ထပ်တူကျသောကာလမျိုးဖြစ်သည်။ ဆိုလိုသည်မှာ ကာလဟောင်းသည် ဆက်လက်တည်ရှိနေသေးသည်။ ကျွန်ုပ်၌ကျရှုံးသည့်ခန္ဓာကိုယ် ရှိနေသေးသည်၊ အပြစ်ပြုရန် သွေးဆောင်ခြင်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခံနေရဆဲဖြစ်သည်၊ ကျွန်ုပ်တို့အားလုံး ကောင်းစွာသိကြသည့်အတိုင်း၊ လောကတွင်ဒုစရိုက်မှုများ ရှိနေသည်။ သို့တိုင်၊ ကျွန်ုပ်သည် ကာလအသစ်နှင့် သက်ဆိုင်ပါသည်။ ကျွန်ုပ်သည် ဘုရားသခင်၏သားဖြစ်သည်။ ကျွန်ုပ်သည် ကိုယ်တော်နှင့် သက်ဆိုင်သည်။ ၎င်း၌ကျွန်ုပ် ဝမ်းမြောက်ပါသည်။ ကျွန်ုပ်သည် ကိုယ်တော်ကိုဝတ်ပြုကိုးကွယ်ပါသည်။ ကိုယ်တော်နှင့်အတူ ကျွန်ုပ်၌သေချာသည့် အနာဂတ်တစ်ခုရှိသည်။ ကျွန်ုပ်တို့ ခရစ်ယာန်များသည် ယခင်ကာလနှင့် နောင်ကာလ၏ တစ်ခုနှင့်တစ်ခုထပ်နေသောတင်းမာမှုများတွင် ကျွန်ုပ်တို့၏ ဘဝတစ်ခုလုံးကို အသက်ရှင်နေထိုင်ကြသည်။

**Dr Douglas Moo**

ပေါလု၏နောက်ဆုံးသောကာလဆိုင်ရာမူလအစနှင့် ဖွံ့ဖြိုးတိုးတက်မှုကို စိတ်ထဲမှတ်ထားခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ပေါလု၏စာများတွင်တွေ့ရသော အရေးကြီးသောအကြောင်းအရာများသည် ဤအမြင်များအပေါ် မည်သို့ထင်ဟပ်သည်ကို ထောက်ပြသင့်သည်။

**အကြောင်းအရာများ။** ပေါလု၏နောက်ဆုံးသောကာလကို "အမှုပြီးပြီ၊ မပြည့်စုံသေး" ဟု ဖော်ပြခြင်းသည် ယေဘူယျဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် ပေါလုသည် အဆုံးကာလ သို့မဟုတ် နောက်ဆုံးသောနေ့ရက်များ၏ အချို့သောကဏ္ဍများသည် ခရစ်တော်၌ အမှန်တကယ်ဖြစ်လာပြီး ခရစ်တော်ပြန်လည်ကြွလာချိန်အထိ ဆက်လက်တည်ရှိနေမည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။ သို့သော် နောင်ကာလ၏မည်သည့်အသွင်အပြင်များသည် လက်တွေ့ဖြစ်ခဲ့သနည်း။ မည်သည့်အရာ ဆက်ဖြစ်လာမည်နည်း။ ၎င်းတို့သည် အရေးကြီးသောမေးခွန်းများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပထမရာစုခရစ်ယာန်များသည် ဤကိစ္စရပ်များတွင် အစွန်းရောက်လေ့ရှိသည်။ ပေါလုသည် ဤအစွန်းရောက်မှုများကို ကိုင်တွယ်ဖြေရှင်းခဲ့သည်။ ယနေ့ သစ္စာရှိခရစ်ယာန်များပင် ဤကိစ္စရပ်များကို ချိန်ညှိရန် အလွန်ခက်ခဲသည်။ ထို့ကြောင့်၊ ဤအချိန်တွင်၊ ခရစ်ယာန်ယုံကြည်ခြင်း၏အတိုင်းအတာများဖြစ်သည့် “အမှုပြီးပြီ၊ မပြည့်စုံသေး”နှင့်ပတ်သက်၍ ပေါလုသွန်သင်ခဲ့သည့်အချက်များကို ဖော်ပြပါမည်။

တစ်ဖက်တွင် ပေါလု၏အဆိုအရ၊ နောင်ကာလဖြစ်သည့်မေရှိယ၏ကာလသည် အစပြုခဲ့ပြီး ဖြစ်ကာ၊ နည်းလမ်းများစွာဖြင့် ဆက်လက်တည်ရှိနေသည်။ ပေါလု၏ရေးသားချက်များတွင်တွေ့ရသော ဤအကြောင်းအရာများနှင့်ပတ်သက်၍ အရေးပါသောနည်းလမ်းသုံးခုကို ဖော်ပြပါမည်။

ပထမ၊ ပေါလုက ယေရှုသည် ကောင်းကင်ဘုံ၌ရှိသော သူ၏ရာဇပလ္လင်သို့တက်သောအခါ၊ ဘုရားသခင့်နိုင်ငံတော်၏ နောက်ဆုံးအဆင့်ကိုစတင်ခဲ့ကြောင်း အလေးပေးဖော်ပြသည်။ ဥပမာ၊ ခမည်းတော်သည်ခရစ်တော်ကို သေခြင်းမှထမြောက်စေကြောင်း ဖေက် ၁း၂၀-၂၁ တွင်ပေါလုရေးသည်မှာ_

> ထိုတန်ခိုးတော်ကား၊ ခရစ်တော်ကိုသေခြင်းမှထမြောက်စေတော်မူ၍ ခရစ်တော်၌ပြုပြင်သော မဟာ တန်ခိုးအာနုဘော်အရှိန်ကဲ့သို့ဖြစ်၏။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခပ်သိမ်းသောအထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်းမှစ၍ ယခုဘဝနောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သောဘွဲ့နာမအလုံးစုံတို့အထက်၊ ကောင်းကင်အရပ်၌ မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ်သောနေရာကို ခရစ်တော်အားပေးတော်မူ၍၊ (ဧဖက် ၁း၂၀-၂၁)။

ယခုမျက်မှောက်ကာလ၌၊ ခရစ်တော်၏အုပ်စိုးမှုသည် မြေကြီးပေါ်တွင်မဟုတ်ဘဲ "ကောင်းကင်အရပ်၌"အဓိကအားဖြင့် ထင်ရှားသော်လည်း၊ ကိုယ်တော်သည် "ခပ်သိမ်းသောအထွဋ်အမြတ်၊ အာဏာစက်အပေါ်" အုပ်စိုးပါသည်။ ဤသဘောအရ၊ နောင်ကာလအတွက် ကတိပြုခဲ့သည့် ဘုရားသခင်၏ အုပ်စိုးမှု သို့မဟုတ် ကမ္ဘာတစ်ဝှမ်းရှိဘုရားသခင့်နိုင်ငံတော်သည် ယခုမျက်မှောက်အဖြစ်မှန်ဖြစ်သည်။

ကျွန်ုပ်တို့နှင့်အတူရှိနှင့်ပြီးဖြစ်သော နောင်ကာလ၏ဒုတိယကဏ္ဍမှာ သန့်ရှင်းသောဝိညာဉ်တော်၌ ကျွန်ုပ်တို့၏ထာဝရအမွေကိုကြိုတင်ခံစားခြင်းဖြစ်သည်။ ခရစ်တော်သည် သူ၏ရာဇပလ္လင်ရှိရာ မြင့်သော အရပ်သို့တက်သောအခါ၊ ကိုယ်တော်ပြန်လည်ကြွလာသောအခါ လက်ခံရရှိမည့် ဘုရားသခင်၏လူများ အတွက် အပြည့်အဝအမွေဆက်ခံမှုအဖြစ် မြေကြီးပေါ် ရှိ အသင်းတော်ပေါ်သို့ သန့်ရှင်းသောဝိညာဉ် တော်အားသွန်းလောင်းခဲ့ကြောင်း ပေါလုသွန်သင်ခဲ့သည်။

ရောမ ၈း၂၃ တွင် ယုံကြည်သူများသည် "ဝိညာဉ်တော်၏ကျေးဇူးတော် အစအဦးကိုခံပြီးသောသူ" ဖြစ်သည်ဟု ပေါလုရှင်းပြခဲ့သည်။ "အဦးသီးသောအသီးများ" သည် ဂရိစကားလုံး *aparche* (*ἀπαρχὴ*) ၏ဘာသာပြန်ဆိုချက်ဖြစ်ပြီး၊ ၎င်းသည် စပါးရိတ်ရာကာလ၏ပထမအပိုင်းကို ရည်ညွှန်းသောဓမ္မဟောင်း အသုံးအနှုန်းတစ်ခု ဖြစ်သည်။ ဓမ္မဟောင်းကျမ်းတွင်၊ အဦးသီးသောအသီးများသည် အနာဂတ်တွင် ပို၍ ကြီးမားသော ရိတ်သိမ်းရာကာလရောက်လာမည်ဟု ညွှန်ပြနေသည်။ ထို့ကြောင့် ပေါလုအတွက်၊ ယုံကြည်သူတိုင်း၏အသက်တာ၌ရှိသော သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးသည် ခရစ်တော် ပြန်လည်ကြွလာသောအခါ ပြီးပြည့်စုံမည့် ကြီးမားသောကောင်းချီးမင်္ဂလာများကို ကြိုတင်ခံစားခြင်း တစ်ခုဖြစ်သည်။ အလားတူ ဧဖက် ၁း၁၄ အရ၊ သန့်ရှင်းသော ဝိညာဉ်တော်သည်_

> ...သို့ မရောက်မှီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏စားရန်ဖြစ်တော်မူ၏ (ဧဖက် ၁:၁၄)။

"စားရန်" ဟုပြန်ဆိုထားသော ဂရိဝေါဟာရမှာ *arrabon* (a*ἀρραβὼν*) ဖြစ်သည်။ ဤအသုံး အနှုန်းသည် သန့်ရှင်းသောဝိညာဉ်တော်အား ဘုရားသခင်ထံမှ ပေးချေမှု သို့မဟုတ် အပ်နှံခြင်းအဖြစ် ညွှန်ပြပြီး၊ ကျွန်ုပ်တို့သည် အနာဂတ်တွင် ဘုရားသခင်ထံမှ နောက်ထပ်များစွာရရှိမည်ဖြစ်ကြောင်း အာမခံပါသည်။ တစ်ဖန်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်၏ဘုန်းအသရေနှင့်ကြွလာချိန် ပြည့်စုံခြင်းမတိုင်မီ၊ ကျွန်ုပ်တို့အား ဘုရားသခင်ပေးထားပြီးဖြစ်သည့် နောင်ကာလ၏ကောင်းကြီးမင်္ဂလာ ဖြစ်သည်။

ယခုလက်ရှိဖြစ်ပေါ်နေသော နောင်ကာလ၏တတိယအင်္ဂါရပ်မှာ ဖန်ဆင်းခြင်းအသစ်စတင်ခြင်း ဖြစ်သည်။ ခရစ်တော်ပြုခဲ့သည့်အရာကြောင့် ယခုအခါ ယုံကြည်သူများသည်—မိမိတို့ကိုယ်ပိုင်အသက်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တာနှင့် ၎င်းတို့၏အသင်းအဖွဲ့အသက်တာတွင်—ကမ္ဘာကိုပြန်လည်ဖန်ဆင်းခြင်း၏တစ်စိတ်တစ်ပိုင်း၌ ပျော်ရွှင်နေကြသည်။ ဓမ္မဟောင်းကျမ်းတွင်၊ ဘုရားသခင်သည် နောက်ဆုံးသောနေ့ရက်တွင် ကမ္ဘာကြီးကို အကြွင်းမဲ့ပြန်လည်ဖန်ဆင်းပြီး၊ မူလတည်းကပင် ကမ္ဘာကြီးအတွက်သူစီစဉ်ထားသမျှကို ဖြည့်ဆည်းပေးမည်ဟု သူ၏လူများအားကတိပေးခဲ့သည်။ ဟေရှာယ ၆၅:၁၇ တွင်နောင်ကာလအကြောင်း ဘုရားသခင်ဖော်ပြပုံကို နားထောင်ပါ_

> ကြည့်ရှုလော့။ မိုဃ်းကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါဖန်ဆင်းမည် (ဟေရှာယ ၆၅:၁၇)။

ပေါလု၏စိတ်ထဲတွင် ခရစ်တော်သည် နတ်ဆိုး၏တန်ခိုးများကိုအနိုင်ယူပြီး၊ လူတို့အားကယ်တင်ပြီးဖြစ်သည်ဟူသောအချက်က ဖန်ဆင်းခြင်းအသစ်စတင်ပြီဖြစ်ကြောင်းသက်သေထူခဲ့သည်။ ဤအယူအဆကို ၂ ကောရိန္သု ၅:၁၇ တွင် ကောင်းစွာဖော်ပြထားသည်_

> လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ (၂ ကောရိန္သု ၅:၁၇)။

> ပေါလုနှင့် ကနဦးခရစ်ယာန်များသည် ခေတ်ကာလနှင့်သမိုင်းကို စဉ်းစားသောအခါ၊ ခရစ်တော်၌ဖြစ်ပျက်ခဲ့သမျှသည် လည်ပတ်ခြင်း တစ်ခုဖြစ်ပြီး၊ ကာလများပြောင်းသွားခြင်းဖြစ်သည်ဟု နားလည်ခဲ့ကြသည်…ယခု လူ့သမိုင်းသို့ ဖောက်ထွင်းဝင်ရောက်ခဲ့သော တကယ့်အဖြစ်မှန်တစ်ခုရှိပြီး၊ လူ့သမိုင်းသည် ပြည့်စုံခြင်းလုံးဝမရှိသေးကြောင်း သူတို့နားလည်ခဲ့ကြသည်။ ထို့ကြောင့် ပေါလု၏နားလည်မှုမှ သင်ရရှိသောအရာမှာ အဖြစ်မှန်များ၊ တန်ခိုးများ၊ ယုဒဘာသာရှာဖွေနေသည့် အနာဂတ်နှင့်ပတ်သက်သောအရာများ သည် ယခုပစ္စုပ္ပန်တွင် လက်တွေ့ဖြစ်လာပြီဖြစ်သည်…ထို့ကြောင့် အသင်းတော်သည် ယခုမျက်မှောက်ကာလတွင် တည်ရှိသည်နှင့်အမျှ၊ ကျွန်ုပ်တို့သည် အနာဂတ်၌ ကောင်းသောအရာများကိုသာမက၊ ပစ္စုပ္ပန်တွင် ကျွန်ုပ်တို့၏အပြစ်များမှ ရွေးနှုတ်ခံရရန်လည်း မျှော်လင့်ကြသည်၊ ယခုအခါကျွန်ုပ်တို့သည် အနာဂတ်သို့ ဝင်ရောက်ခွင့်ရရှိပြီဖြစ်သည်။ ထို့ကြောင့်၊ ၎င်းသည် အနာဂတ်ကို ကတိပေးရုံမျှမက၊ အနာဂတ်ကိုဖော်ပြသည်၊ ပေါလု၏ဧဝံဂေလိတရား၏ ကြီးမားသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။
>
> **Dr Gary M. Burge**



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောင်ကာလ၏ကဏ္ဍများစွာသည် ခရစ်တော်ပထမကြွလာချိန်၌ အစပြုခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းတို့သည် အသင်းတော်သမိုင်းတစ်လျှောက် ဆက်လက်တည်ရှိနေကြောင်း ပေါလုသွန်သင်ခဲ့သည်။ သို့သော်၊ နောက်ဆုံးသောနေ့ရက်များ၏ကောင်းချီးမင်္ဂလာများသည် ပြည့်စုံခြင်းသို့မရောက်သေးကြောင်းကိုလည်း ပေါလုယုံကြည်ခဲ့သည်။ ထို့ကြောင့် တစ်ဖက်တွင်၊ ဘုရားသခင်၏ နောက်ဆုံးစီရင်ချက်များနှင့်ကောင်းချီးမင်္ဂလာများကို ပြည့်စုံစေမည့်အချိန်အဖြစ် ခရစ်တော်၏ပြန်လည်ကြွလာခြင်းကို သူသည်စောင့်မျှော်နေပါသည်။ တစ်ဖန်၊ ကျွန်ုပ်တို့သည် ပေါလု၏ဓမ္မပညာတွင်တွေ့ရသော ဤအကြောင်းအရာများနှင့် ပတ်သက်၍ အရေးပါသောနည်းလမ်းသုံးခုကို ဖော်ပြပါမည်။

ပထမ၊ ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ခရစ်တော်သည် ယခုကောင်းကင်ဘုံသူ၏ရာဇပလ္လင်မှ စိုးစံနေသည်ဟု ပေါလုသွန်သင်ခဲ့သည်။ သို့သော် ပေါလုသည် ဘုရားသခင်၏နိုင်ငံတော် ပြည့်စုံခြင်းကို ယူဆောင်လာရန် ခရစ်တော်ပြန်လည်ကြွလာမည့်နေ့ကို ကျွန်ုပ်တို့ တောင့်တနေသေးသည်ဟုလည်း ပေါလုယုံကြည်ခဲ့သည်။ ၁ ကောရိန္သု ၁၅:၂၄-၂၆ တွင် ပေါလုဖော်ပြပုံကို နားထောင်ပါ_

> ထိုအခါ ခရစ်တော်သည် အထွဋ်အမြတ် အာဏာတန်ခိုးအမျိုးမျိုးကို ပယ်ရှင်း၍၊ မိမိနိုင်ငံကို ဘုရားသခင်တည်းဟူသော ခမည်းတော်၌ အပ်ပြန်တော်မူပြီးမှ ကမ္ဘာကုန်ရလတံ့။ ခရစ်တော်သည် ရန်သူအပေါင်းတို့ကို ခြေဘဝါးတော်အောက်၌ ချထားတော်မမူမှီတိုင်အောင် အုပ်စိုးတော်မူရမည်။ နောက်ဆုံးသောရန်သူတည်းဟူသော သေမင်းသည် ဆုံးရှုံးခြင်းသို့ ရောက်ရလတံ့ (၁ ကောရိန္သု ၁၅:၂၄-၂၆)။

ပေါလုသည် ခရစ်တော်၏ ယခုမျက်မှောက်ကာလအုပ်စိုးမှုကို ကျော်လွန်၍ ဘုရားသခင်၏ ရည်ရွယ်ချက်များကို ဆန့်ကျင်သော အုပ်ချုပ်မှု၊ အခွင့်အာဏာနှင့် တန်ခိုးအားလုံးကို အနာဂတ်ဖျက်ဆီးခြင်းတွင်ရှုမြင်ကြောင်း ဤကျမ်းပိုဒ်သည် ရှင်းလင်းစွာဖော်ပြသည်။ ခရစ်တော်သည် သေခြင်းတရားအပါအဝင် ရန်သူတိုင်းကို မဖျက်ဆီးမချင်း၊ သူ၏ကောင်းကင်ရာဇပလ္လင်သို့ပေါ်တွင် ဆက်ရှိနေမည်ဖြစ်သည်။ ထို့ကြောင့်၊ ခရစ်တော်၌ရှိသော ဘုရားသခင်၏နိုင်ငံတော်သည် အချို့သောနည်းများဖြင့် ဤနေရာ၌ရှိနေသော်လည်း၊ တစ်နည်းအားဖြင့်၊ ဤနေရာသို့မရောက်သေးဟု ပေါလုယုံကြည်ခဲ့သည်။

ဒုတိယ၊ ကျွန်ုပ်တို့မြင်တွေ့ရသည့်အတိုင်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကယ်တင်ရာရိတ်သိမ်းမှု၏အဦးသီးသောအသီးဖြစ်ပြီး၊ ကျွန်ုပ်တို့အမွေ၏ပေးချေမှုဖြစ်သည်ဟု ပေါလုယုံကြည်ခဲ့သည်။ သို့သော် "အဦးသီးသောအသီးများ" နှင့် "ပေးချေခြင်း" ဟူသောအသုံးအနှုန်းများသည် ခရစ်ယာန်များအနေဖြင့် အနာဂတ်တွင် ၎င်းတို့၏ရိတ်သိမ်းမှုနှင့် အမွေဆက်ခံမှုကို အပြည့်အဝရရှိရန် စောင့်မျှော်ရမည်ဖြစ်ကြောင်း ဖော်ပြသည်။ ရောမ ၈:၂၃ တွင် ပေါလုပြောပုံကို နားထောင်ပါ_

> ထိုမျှမကဝိညာဉ်တော်၏ကျေးဇူးတော် အစအဦးကိုခံပြီးသော ငါတို့သည်လည်း၊ သားအရာ၌ ချီးမြှောက်ခြင်းအကြောင်းတည်းဟူသော ကိုယ်ခန္ဓာရွေးနှုတ်ခြင်း

> ချမ်းသာကို မြော်လင့်၍၊ စိတ်နှလုံးအထဲ၌ ညည်းတွားလျက်နေကြ၏ (ရောမ ၈:၂၃ )။

ဤနေရာတွင် ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူး၏ ယခုမျက်မှောက်အဖြစ်မှန်ကို အနာဂတ်နှင့်တိုက်ရိုက် ဖော်ပြခဲ့သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်သွန်းလောင်းခြင်းကို တွေ့ကြုံခံစားပြီးဖြစ်သောကြောင့်၊ နောင်ကာလသည် ဤနေရာတွင်ရှိနေပြီဖြစ်ကြောင်းကို သူသိသည်။ သို့သော် ကျွန်ုပ်တို့သည် "ကျွန်ုပ်တို့ကိုယ်ခန္ဓာ၏ရွေးနှုတ်ခြင်း" ကို မရရှိသေးသောကြောင့် "အတွင်းစိတ်တွင် ညည်းတွားဆဲ" ဖြစ်သည်။ ဧဖက် ၁:၁၄ တွင် အစောပိုင်းတွင် ကျွန်ုပ်တို့ဖတ်ရှုခဲ့သည့်အတိုင်း၊ ပေါလုရေးခဲ့သည်မှာ သန့်ရှင်းသောဝိညာဉ်တော်သည်_

> ...သို့ မရောက်မီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏စားရန်ဖြစ်တော်မူ၏ (ဧဖက် ၁:၁၄)။

ကျွန်ုပ်တို့အတွင်းနှင့် ကျွန်ုပ်တို့ကြားတွင် နေထိုင်ပြီးအလုပ်လုပ်နေသော ဝိညာဉ်တော်သည် ကြီးမားသော ရွေးနှုတ်ခြင်း၏ အံ့ဖွယ်ကြိုတင်ခံစားမှုတစ်ခုဖြစ်သည်_ ကျွန်ုပ်တို့၏ပြီးပြည့်စုံသောအမွေဖြစ်သည်။

တတိယ၊ ဖန်ဆင်းခြင်းအသစ်သည် ယုံကြည်သူများ၏အသက်တာတွင် ဝိညာဉ်ရေးဆိုင်ရာအဖြစ်မှန်ဖြစ်လာသော်လည်း၊ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်း၏ပြီးပြည့်စုံသောအသစ်ပြန်လည်ဆန်းသစ်လာမှုနှင့် ကျွန်ုပ်တို့၏ဘုရင်ခရစ်တော်နှင့်အတူ ကမ္ဘာသစ်ကို ထာဝရစိုးစံမည့်အချိန်ကို စောင့်မျှော်နေပါသည်။ ရောမ ၈း၂၁ တွင်ပေါလု ရေးထားသည်မှာ_

> ဘုရားသခင်သားထူးမြတ်သော လွတ်ခြင်း ချမ်းသာတည်းဟူသော ဖေါက်ပြန်ပျက်စီးခြင်း အနှောင်အဖွဲ့မှ ကယ်လွတ်ခြင်းချမ်းသာကို ဝင်စားမည်ဟု မြော်လင့်ရသော အခွင့်ကိုပေး၍အနိစ္စနိုင်ငံသို့ လိုက်စေတော်မူသောသူ၏ အလိုတော်ကြောင့်သာ လိုက်ရ၏ (ရောမ ၈:၂၁)။

ကျွန်ုပ်တို့သည်သေခြင်းမှ ရုပ်ပိုင်းဆိုင်ရာရှင်ပြန်ထမြောက်လာသည်နှင့်အမျှ၊ ဖန်ဆင်းခြင်းအသစ်၏ပြီးပြည့်စုံလာမည့်အချိန်အဖြစ် ခရစ်တော်၏ပြန်လည်ကြွဆင်းလာခြင်းကို ပေါလုသည်စောင့်မျှော်နေပါသည်။

> ရောမ ၈ တွင် ကျွန်ုပ်တို့အားလုံးသည် ကျိန်ခြင်းခံနေရသကဲ့သို့၊ ဖန်ဆင်းခြင်းတစ်ခုလုံးသည် ကျွန်ခံခြင်းနှင့် ညည်းတွားနေပုံတို့ကို ဖော်ပြထားသည်။ ၎င်းတွင် လူဖြစ်သောကျွန်ုပ်တို့၏ ညည်းတွားခြင်းကိုသာမက၊ ဖန်ဆင်းခြင်း၏ ညည်းတွားခြင်းကိုလည်း ဖော်ပြထားသည်...ကိုယ်တော်လုပ်သမျှသည် ဤလောကမှဝိညာဉ်များကို ကောင်းကင်ဘုံ၌ထာဝစဉ်နေနိုင်ရန် နှုတ်ယူသကဲ့သို့၊ ခရစ်တော်၏ရွေးနှုတ်ခြင်းလုပ်ငန်းကို ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကျဉ်းမြောင်းစေပါသည်။ ထို့ပြင် ကိုယ်တော်သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို ရွေးနုတ်ရန် အလေးထားခဲ့သည်။ ကျွန်ုပ်တို့နှင့်အတူကျရှုံးခဲ့သော ဖန်ဆင်းခြင်းသည် ကျွန်ုပ်တို့နှင့်အတူရှင်သန်လာပြီး၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာရွေးနုတ်ခြင်း—ရှင်ပြန်ထမြောက်ခြင်းကို စောင့်မျှော်နေပါသည်။ ဤသည်မှာ ဖန်ဆင်းခြင်းကို ဖျက်ဆီးခြင်းသို့ ကျွန်ုပ်တို့ရောက်စေသော်လည်း၊ ကောင်းကင်သစ်၊ မြေကြီးသစ်နှင့် ရွေးနှုတ်ထားသော စကြာဝဠာသစ်တစ်ခု ဖြစ်ပေါ်လာစေရန် ၎င်းကိုဖျက်ဆီးခြင်းမှ ကျွန်ုပ်တို့နှုတ်ဆောင်မည်—သို့မဟုတ် ကျွန်ုပ်တို့၏ ထမြောက်ခြင်းအားဖြင့် ခရစ်တော်သည်နှုတ်ဆောင်မည်—ဟူသည့် ဘုရားသခင်၏ မဟာကတိတော်ဖြစ်သည်။
>
> **Dr Randy Alcorn**

ပေါလု၏နောက်ဆုံးသောကာလဆိုင်ရာအမြင်များ၏အသုံးအနှုန်းများနှင့် ဖွဲ့စည်းပုံကို သုံးသပ်ပြီးနောက်၊ ပေါလုသည် သူ၏စာဖတ်သူများအတွက် အကြိမ်ကြိမ်အလေးပေးဖော်ပြခဲ့သော ဤအမြင်များ၏အရေးကြီးသောသက်ရောက်မှုအချို့ကို ကျွန်ုပ်တို့လေ့လာသင့်ပါသည်။

## ပတ်သက်မှုများ

ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း၊ ပေါလု၏စာများသည် စိတ်ကူးယဉ်ဓမ္မပညာအပေါ် အာရုံစိုက်မှုမရှိသော်လည်း၊ ခိုင်မာသောလူသားအတွေ့အကြုံကို ရရှိစေရန် သူ၏ဓမ္မပညာကိုကျင့်သုံးခြင်းတွင် အာရုံစိုက်ခဲ့သည်။ နောက်ဆုံးသောနေ့ရက်များကို ယေရှုဆောင်ယူလာပုံ အသေးစိတ်ကို ရှင်းပြထားသည့် ကျမ်းတစ်စောင်ကိုမျှ ပေါလုသည် သူ၏နောက်ဆုံးသောကာလတွင် မရေးခဲ့ပါ။ ယင်းအစား၊ ခရစ်တော်၌နောက်ဆုံးသောနေ့ရက်များကို ဖော်ထုတ်ခြင်းသည် ခရစ်ယာန်အသက်တာ၏ လက်တွေ့ကျမှုများနှင့်သက်ဆိုင်ပုံကို သူ၏စာများတွင်ပေါလုအာရုံစိုက်ခဲ့သည်။ ခရစ်တော်၏နိုင်ငံတော် စတင်တည်ထောင်ချိန်နှင့် ဆက်လက်တည်ရှိနေချိန်အတွင်း အသင်းတော်ရင်ဆိုင်နေရသောအခက်အခဲများစွာကို သူနားလည်ခဲ့သည်။ ထို့ကြောင့်၊ ခရစ်တော်၏နောက်လိုက်များသည် ခရစ်တော်၏ပထမကြွလာချိန်၌ ဘုရားသခင်ပြုပြီးသည့်အရာများနှင့် ခရစ်တော်ပြန်လည်ကြွလာချိန်တွင် ကျွန်ုပ်တို့စောင့်မျှော်နေသော ဘုန်းအသရေကြားတွင် မည်သို့နေထိုင်ရမည်ကို သူရှင်းပြသည်။

**ခရစ်တော်နှင့် ပေါင်းစည်းခြင်း။** ပေါလု၏နောက်ဆုံးသောကာလဆိုင်ရာ လက်တွေ့ကျသောသက်ရောက်မှုများကို သုံးသပ်စဉ် ပေါလု၏ရေးသားချက်များတွင်တွေ့ရသော ထင်ရှားသောအကြောင်းအရာသုံးခုကို ကျွန်ုပ်တို့ကြည့်ပါမည်။ ပထမ ယုံကြည်သူနှင့် ခရစ်တော်၏ပေါင်းစည်းခြင်း၊ ဒုတိယ ခရစ်တော်၏ပထမအကြိမ်နှင့် ဒုတိယအကြိမ်ကြွလာချိန်အတွက် ဘုရားသခင်၏ရည်ရွယ်ချက်၊ တတိယ ခရစ်ယာန်တို့၏ အနာဂတ်မျှော်လင့်ချက်ဖြစ်သည်။ ယုံကြည်သူများနှင့် ခရစ်တော်၏ ပေါင်းစည်းခြင်းအကြောင်း ပေါလု၏သွန်သင်ချက်ကို ဦးစွာကြည့်ကြပါစို့။

> ခရစ်တော်၌တည်ရှိခြင်း၏ သဘောတရားတစ်ခုလုံးသည် ယုံကြည်သူအတွက် ပေါလု၏သွန်သင်ချက်တွင် အလွန်အရေးကြီးပါသည်။ ခရစ်တော်၌တည်ရှိခြင်း ဟူသည့် အဓိပ္ပါယ်မှာ ယောက်ျားနှင့်မိန်းမသည်အိမ်ထောင်ပြုခြင်း၌ စည်းလုံး သကဲ့သို့ သင်သည်ကိုယ်တော်နှင့် တစ်သားတည်းဖြစ်ခြင်း၊ စည်းလုံးခြင်းကို ဆိုလိုသည်ဟု ထင်ပါသည်။ ယုံကြည်သူတစ်ဦးသည် အပြစ်ကိုစွန့်၍ သခင်ယေရှုကိုယုံကြည်လာသောအခါ၊ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် တစ်သားတည်းဖြစ်တည်လာကာ၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်း၊ ကိုယ်တော်၏စည်းစိမ်ဥစ္စာများ၊ ကိုယ်တော်၏အခွင့်အရေးများရှိသမျှသည် တစ်နည်းနည်းဖြင့် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာပါသည်။ ထို့နောက် ကျွန်ုပ်တို့သည် သခင်ယေရှု၊ ခမည်းတော်တို့နှင့်အတူ စားပွဲ၌ထိုင်ကာ ဘုရားသခင်၏မိသားစုထဲသို့ ဖိတ်ခေါ်ခြင်းခံရပါသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်၏ ဝိညာဉ်ရေးသဘော၌ ကြီးမားပြီး၊ အလွန်ကြွယ်ဝလာ ပါသည်။ ထို့ကြောင့်၊ ပေါလုသည် ယုံကြည်သူများအားသူတို့၏ အရေးကြီးသော မရှိမဖြစ်ဝိသေသလက္ခဏာအဖြစ် ယင်းကိုရှိစေလိုသည်။ ကျွန်ုပ်မည်သူနည်း။ ကျွန်ုပ်သည် ယေရှုခရစ်အား ကျွန်ုပ်၏သခင်၊ ကျွန်ုပ်၏အရှင်အဖြစ် တစ်သားတည်းဖြစ်ပါသည်။ ထို့ပြင် ခရစ်တော်၌တည်ရှိခြင်း၏ဝိသေသ လက္ခဏာသည် ၎င်းတို့၏မိသားစု၊ ယဉ်ကျေးမှု၊ အောင်မြင်မှုများ၊ လုပ်ငန်း သို့မဟုတ် မည်သည့်အရာဖြစ်စေ၊ လူတိုင်း၌ရှိနိုင်သည့် အခြားမည်သည့် ဝိသေသလက္ခဏာများထက်မဆို ထင်ရှားသည်။ ၎င်းသည် သခင်ယေရှုကို ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ရရှိသော ဘုရားသခင်၏သားသမီးများ၏ မရှိမဖြစ်ဝိသေသလက္ခဏာဖြစ်သည်။

**— Rev. Dan Hendley**

ရောမ ၆း၃-၄ တွင်ပေါလုသည် ခရစ်တော်နှင့် ကျွန်ုပ်တို့၏ပေါင်းစည်းခြင်းသည် ဤကာလမှ နောက်ကာလသို့ အမှန်တကယ် လွှဲဆော်ပေးပုံကို ဖော်ပြခဲ့သည်။ ဤကျမ်းပိုဒ်တွင် ပေါလုပြောသည်ကို နားထောင်ပါ_

> ယေရှုခရစ်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံကြသည်ဟု သင်တို့မသိသလော။ ထိုကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့်၊ ထိုသခင်နှင့် အတူသင်္ဂြိုဟ်ခြင်းကိုခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှထမြောက်တော် မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း (ရောမ ၆း၃-၄)။

ကျွန်ုပ်တို့မြင်ရသည်အတိုင်း၊ ခရစ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတွင် ဤကာလမှ နောင်ကာလအထိ သမိုင်းအကူးအပြောင်းဖြစ်ခဲ့ကြောင်းကို ပေါလုယုံကြည်ခဲ့သည်။ ယခုအခါတွင်၊ ကမ္ဘာကြီးအား နောင်ကာလ၏ဖန်ဆင်းခြင်းအသစ်အဖြစ် အသွင်ပြောင်းလဲမှုမပြုခဲ့ကြောင်း လူတိုင်းအတွက် သိသာထင်ရှားပါသည်။ သို့သော် စစ်မှန်သည့်ယုံကြည်ခြင်းနှင့် ခရစ်တော်၌ဗတ္တိဇံခံခြင်းဖြင့် ယောကျ်ားမိန်းမများသည် ခရစ်တော်ထံလာတိုင်း၊ သူတို့သည် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတွင်ခရစ်တော်နှင့် ပေါင်းစည်းကြသည်။ ရလဒ်အနေဖြင့်၊ ကျွန်ုပ်တို့သည် ဤကာလတွင် အပြစ်တရား၏အနှောင်အဖွဲ့နှင့် ဘုရားသခင်၏တရားစီရင်ခြင်းအောက်၌ မရှိတော့ပါ။ ယင်းအစား၊ ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူသည်နည်းတူ၊ "ကျွန်ုပ်တို့လည်း အသစ်သောအသက်တာ၌ကျင်လည်ရန်" ထမြောက်လာပါသည်။ ရောမ ၆း၁၀-၁၁ တွင် ပေါလု ဆက်လက်ရှင်းပြသကဲ့သို့

> ခရစ်တော်သည် အသေခံတော်မူရာမှာ၊ အပြစ်တရားကြောင့် တစ်ကြိမ်သာခံတော်မူ၏။ အသက် ရှင်တော်မူရာမှာ၊ ဘုရားသခင့်အဘို့ ရှင်တော်မူ၏။ ထိုနည်းတူသင်တို့သည် အပြစ်တရားနှင့်ဆိုင်သောအရာ၌ကား၊ အသေဖြစ်သည်ဟူ၍၎င်း၊ ဘုရားသခင်နှင့်ဆိုင်သောအရာ၌ကား၊ ငါတို့သခင် ယေရှုခရစ်အားဖြင့် အသက်ရှင်သည်ဟူ၍၎င်း၊ ကိုယ်ကိုကိုယ်ထင်မှတ်ကြလော့ (ရောမ ၆း၁၀-၁၁)။

"[ခရစ်တော်] သည်တရားကြောင့်အသေခံပြီး" "ဘုရားသခင့်အဘို့ ရှင်တော်မူ၏။" ဟူသော ပေါလုရည်ညွှန်းခဲ့သည့်အချက်ကို ဤနေရာတွင် သတိပြုပါ။ သို့သော် ပေါလုသည် ရောမမြို့ရှိ ယုံကြည်သူများအကြောင်းကိုလည်း ဤနေရာတွင် ဟောပြောခဲ့သည်။ သူတို့သည် "ခရစ်တော်ယေရှု၌" သို့မဟုတ် ခရစ်တော်နှင့် ပေါင်းစည်းခြင်းဖြစ်သည်ဟု သူကဆိုသည်။ ထို့ပြင် ၎င်းသည် သူတို့အသက်တာအတွက် မည်သည့်အရာကို ဆိုလိုသနည်း။ သူတို့သည် "အပြစ်တရားနှင့် ဆိုင်သောအရာ၌ကား၊ အသေဖြစ်၍၊ ဘုရားသခင်နှင့်ဆိုင်သောအရာ၌ကား၊ အသက်ရှင်ကြောင်း [ကိုယ်ကိုကိုယ်] ထင်မှတ်ကြရမည်ဖြစ်သည်။" ခရစ်တော်နှင့် ပေါင်းစည်းခြင်းအားဖြင့်၊ ရောမယုံကြည်သူများသည် အပြစ်တရား၊ ဆင်းရဲဒုက္ခနှင့်သေခြင်းတရားမှ လွတ်မြောက်ပြီး၊ နောင်ကာလ၏ဘဝသစ်ကို တွေ့ကြုံခံစားခဲ့ရသူများအဖြစ်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်ဟု ကိုယ်ကိုကိုယ်ယူဆရမည်ဖြစ်သည်။

> အထူးသဖြင့် တမန်တော်ပေါလု၏ သွန်သင်ချက်များမှ အဓိကတစ်ခုမှာ ကျွန်ုပ်တို့နှင့်ယေရှုခရစ်၏စည်းလုံးခြင်း ဖြစ်သည်ဟုထင်ပါသည်။ ကျွန်ုပ်တို့သည် သူနှင့်သက်ဆိုင်သည်။ သမ္မာကျမ်းစာ၏ဗျာဒိတ်တော်အားလုံးကို ကြည့်ရှုသောအခါ၊ ကျွန်ုပ်တို့သည် အာဒံ၌ သို့မဟုတ် ခရစ်တော်၌ရှိကြောင်း သွန်သင်သည်ဟု ထင်ပါသည်။ အာဒံသည် ပထမဆုံးသောလူသားဖြစ်သည်။ လူသားအားလုံးသည် အာဒံ၏ သားသမီးများအဖြစ် မွေးဖွားလာကြသည်။ ထို့ကြောင့်၊ သူတို့သည် အပြစ်သားများအဖြစ် ဤလောကသို့ ရောက်လာကြသည်။ သူတို့၌ အပြစ်သဘာဝရှိကြသည်။ သူတို့သည် ဘုရားသခင်နှင့် ကင်းကွာနေကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကယ်တင်ခြင်း၊ ရွေးနှုတ်ခြင်းနှင့် ခရစ်တော်ကို ကိုးစားခြင်းဟူသည်မှာ ခရစ်တော်၌ပေါင်းစည်းခြင်း၊ ခရစ်တော်နှင့်သက်ဆိုင်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် နှစ်ခြင်းခံသောအခါ ခရစ်တော်နှင့်ပေါင်းစည်းခြင်းဖြစ်ကြောင်း ရောမ ၆ တွင် ပေါလုသည်ရှင်းလင်းစွာဖော်ပြထားသည်...ခရစ်တော်နှင့် စပ်လျဉ်းသောသူများသည် ခရစ်တော်ကို ၎င်းတို့၏ခေါင်းဆောင်အဖြစ် သတ်မှတ်ထားကြသည်။ ထို့ကြောင့်၊ သူတို့၏ဖြောင့်မတ်ခြင်းသည် ခရစ်တော်၌တည်ရှိသည်။ သူတို့၏ဖြောင့်မတ်ခြင်းသည် သူတို့ကိုယ်တိုင်၌မရှိပါ။ သူတို့၏ဖြောင့်မတ်ခြင်းအတွက် ခရစ်တော်ကို မျှော်ကိုးကြသည်။
>
> **Dr Thomas R. Schreiner**

ခရစ်တော်နှင့် ပေါင်းစည်းခြင်းအပေါ် ပေါလု၏အလေးပေးမှုအပြင်၊ သခင်ယေရှု၏ ပထမနှင့် ဒုတိယအကြိမ်ကြွလာချိန်ကြားကာလအတွက် ဘုရားသခင်၏ရည်ရွယ်ချက်ကို ဖော်ပြမှုများတွင် ပေါလု၏လက်တွေ့ကျသောခရစ်ယာန်အသက်ရှင်နေထိုင်ခြင်းအတွက် နောက်ဆုံးသောကာလ၏သက်ရောက်မှုများကိုလည်း ကျွန်ုပ်တို့တွေ့မြင်ရသည်။

**ဘုရားသခင်၏ရည်ရွယ်ချက်။** တစ်ပါးအမျိုးသားများကြားတွင် ပေါလု၏သာသနာပြုလုပ်ငန်းသည် ခေတ်ကာလများတစ်လျှောက်လုံးအတွက် ဘုရားသခင်၏ရည်ရွယ်ချက်နှင့်ပတ်သက်၍ သူ၏ယုံကြည်ချက်များကို သက်သေပြသည်။ ဤအချိန်အတောအတွင်း၊ ခရစ်တော်သည် ဣသရေလနယ်နိမိတ်များကိုကျော်လွန်၍ ဘုရားသခင်၏နိုင်ငံတော်ကို တိုးချဲ့လျက်ရှိနေသောကြောင့်၊ ကမ္ဘာတစ်ဝှမ်းမှ ယုံကြည်သူယုဒလူမျိုးများနှင့် တစ်ပါးအမျိုးသားများသည် ဘုရားသခင်၏လူတစ်မျိုးတည်းဖြစ်လာမည်ဖြစ်သည်။

အသင်းတော်သည် စည်းလုံးညီညွတ်ရမည်ဟု ပေါလုသည် အကြိမ်ကြိမ် အလေးပေးပြောကြားခဲ့သည်။ ခရစ်တော်သည် နောင်ကာလကို ယူဆောင်လာသောကြောင့် ယုဒလူမျိုးများနှင့် တစ်ပါးအမျိုးသားများကြား ကွဲပြားမှုများအပြင်၊ အခြားသော လူမှုရေးနှင့် စီးပွားရေး အတားအဆီးများကို ဘေးဖယ်ထားရမည်ဖြစ်သည်။ တစ်ခါတစ်ရံတွင်၊ ပေါလုသည် ဧဖက် ၂:၁၉-၂၂ တွင် ဘုရားသခင်၏ဗိမာန်တော်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ သူ၏အမှုတော်အား ဖော်ပြခြင်းဖြင့် စည်းလုံးမှုဆိုင်ရာအယူအဆကို ပုံဖော်ခဲ့သည်။ အခြားအချိန်များတွင်၊ သူသည် ဧဖက် ၄:၁၅-၁၆ တွင်အသင်းတော်ကို ရင့်ကျက်သောလူ့ခန္ဓာကိုယ်အဖြစ်ပြောခဲ့သည်။ အသင်းတော်သည် စည်းလုံးညီညွတ်သော၊ သန့်ရှင်းသောလူမျိုးများ၏ ကြီးထွားသည့်နိုင်ငံတော်ဖြစ်လာပုံကို ဤအလင်္ကာများသည် သရုပ်ဖော်ထားသည်။ အသင်းတော်၏ ကမ္ဘာတစ်ဝှမ်းကြီးထွားမှုသည် ခရစ်တော်၏ပထမနှင့် ဒုတိယအကြိမ်ကြွလာခြင်းကြားကာလအတွက် ဘုရားသခင်၏ အဓိကရည်ရွယ်ချက်များထဲမှ တစ်ခုဖြစ်သည်ဟု ပေါလုယုံကြည်ခဲ့သည်။

တစ်ပါးအမျိုးသားများကြားတွင် အသင်းတော်၏နှေးကွေးစွာ တိုးပွားလာမှုအမြင်နှင့်ပတ်သက်၍ အတိတ်တွင် ကြိုတင်ဟောပြောခဲ့ခြင်းမရှိကြောင်း ပေါလုနားလည်သဘောပေါက်ခဲ့သည်။ အမှန်တ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကယ်တွင်၊ ၎င်းသည် သူ့အား ဘုရားသခင်ဖွင့်ပြခဲ့သော "နက်နဲသောအရာ"ဖြစ်ပြီး၊ အခြားသူများကို ရှင်းပြရမည့်အရာဖြစ်သည်ဟု သူပြောခဲ့သည်။ ရောမ ၁၁:၂၅ တွင် ပေါလုသည် ဤသို့ရေးသားခဲ့သည်_

> ညီအစ်ကိုတို့၊ သင်တို့သည် ဝါကြွားသောစိတ်မရှိစေမည်အကြောင်း၊ တပါးအမျိုးသားအပေါင်းတို့သည် မဝင်မီတိုင်အောင်၊ ဣသရေလလူအချို့တို့ကို မှောင်မိုက်ဖုံးလွှမ်းခြင်းအကြောင်းတည်းဟူသော နက်နဲသောအရာကို မသိဘဲနေစေခြင်းငှါ ငါအလိုမရှိ (ရောမ ၁၁:၂၅)။

ဤကျမ်းပိုဒ်တွင်၊ ယုဒလူမျိုးများစွာ ဧဝံဂေလိတရားကိုခိုင်မာစေသည့် ယခုမျက်မှောက်ကာလတွင် ဘုရားသခင်၏ရည်ရွယ်ချက်မှာ"တစ်ပါးအမျိုးသားများ""ပြည့်စုံခြင်း"—သို့မဟုတ် အရေအတွက်အပြည့်အစုံ— ကို ကယ်တင်ရန်ဖြစ်ကြောင်း ပေါလုဖော်ပြခဲ့သည်။ ဧဖက် ၃း၄-၆ တွင် သူပြောခဲ့သည်မှာ_

> ထိုစကားကိုဘတ်ရွတ်လျှင်၊ ခရစ်တော်၏ နက်နဲသောအရာ၌ ငါလေ့ကျက်သည်ကို သင်တို့သည် သိရကြမည်။ ထိုနက်နဲသောအရာကို သန့်ရှင်းသော တမန်တော်တို့နှင့် ပရောဖက်တို့အား၊ ယခုကာလ၌ဝိညာဉ် တော်အားဖြင့် ဖွင့်လှစ်တော်မူသည်နည်းတူ၊ အခြားသော ကာလတို့၌ လူမျိုးတို့အားပြတော်မမူ။ ထိုနက်နဲသောအရာဟူကား၊ တစ်ပါးအမျိုးသားတို့သည် ဧဝံဂလိတရားအားဖြင့် ယုဒလူမျိုးတို့နှင့်အတူ အမွေခံ၍၊ တလုံးတဝတကိုယ်တည်းဖြစ်လျက်၊ ခရစ်တော်နှင့်ဆိုင်သောဂတိတော်ကို ဆက်ဆံကြရသတည်း (ဧဖက် ၃း၄-၆)။

ဘုရားသခင်၏ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ပေါလု၏ရှုမြင်ပုံသည် ခရစ်တော်၏ပထမနှင့် ဒုတိယကြွလာခြင်းကြားတွင်အသက်ရှင်သောယုံကြည်သူအားလုံးအတွက် အရေးကြီးသောလမ်းညွှန်ချက်တစ်ခုဖြစ်သည်။ ဤကာလသည် ခရစ်တော်ပြန်လည်ကြွလာချိန်တွင် ယူဆောင်လာမည့် နောင်ကာလ၏ပြည့်စုံမှုကို စောင့်ဆိုင်းရမည့်အချိန်မဟုတ်ပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ဘုရားသခင်သည် ဤအချိန်ကာလကို ကြီးစွာသောလုပ်ဆောင်မှုများအတွက် ပုံဖော်ထားသည်။ ကျွန်ုပ်တို့သည် ကမ္ဘာပေါ်ရှိလူမျိုးတိုင်းတွင် အသင်းတော်ကို တည်ဆောက်ရမည်ဖြစ်သည်။ ပေါလုသည် ဧဝံဂေလိတရားကို ပျံ့နှံ့စေရန်နှင့် စည်းလုံးမှုနှင့် ချစ်ခြင်းမေတ္တာဖြင့် အသင်းတော်ကို တည်ဆောက်ရန် သူ့ဘဝကို အပ်နှံထားသည်။ ထိုအမှုတော်တွင် သူနှင့်အတူပါဝင်ရန် အခြားသူများကိုလည်း ခေါ်ခဲ့သည်။

> အသင်းတော်၏အမှုတော်သည် ကျွန်ုပ်တို့အား သခင်ယေရှုပေးခဲ့သည့် ရှေးဦးစွာသော မဟာအမိန့်တော်ဆိုင်ရာ ရည်မှန်းချက်များကို အောင်မြင်စေရန်ဖြစ်သည်_ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်ရန်နှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ရန်ဖြစ်သည်။ ထို့ပြင် ကိုယ်တော်သည် ကျွန်ုပ်တို့အား ကြီးမြတ်သော

> အမှုတော်ကိုပေးတော်မူသည်၊ ထိုအမှုတော်မှာ ဧဝံဂေလိတရား ကမ္ဘာသို့ ရောက်ရှိစေရန်ဖြစ်သည်။ ထို့ကြောင့် တပည့်တော်ဖြစ်စေရန်—၎င်း၏ အဓိကအစိတ်အပိုင်းမှာ တပည့်တော်ဖြစ်စေခြင်းဖြစ်သည်—"သွား၍ တပည့်ဖြစ်စေကြလော့" ဟုဆိုသောအခါ၊ သင်သွားသည်နှင့်အမျှ၊ လူမျိုးတကာတို့ကို တပည့်တော်ဖြစ်စေရမည်ဟု ဆိုလိုသည်။ ထို့ကြောင့်၊ အသင်းတော်၏အမှုတော်သည် ဤအယူအဆများအကျုံးဝင်သည်_ ဘုရားသခင်ကို ကျွန်ုပ်တို့၏စိတ်နှလုံး၊ ဝိညာဉ်၊ ခွန်အားများနှင့် အကြွင်းမဲ့ချစ်ရန်၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရန်၊ ထို့နောက် လူမျိုးတကာတို့ကို သွား၍တပည့်တော်ဖြစ်စေရန် ဖြစ်သည်။
>
> **— Rev. Joseph Handley**

ပေါလု၏နောက်ဆုံးသောကာလသည် ခရစ်တော်နှင့် ကျွန်ုပ်တို့၏ပေါင်းစည်းခြင်းအပေါ်သာမက၊ ဤကာလနှင့် နောင်ကာလ၏ ထပ်တူကျနေချိန်တွင် ဘုရားသခင်၏ရည်ရွယ်ချက်အပေါ်လည်း အာရုံစိုက်ပါသည်။ နောက်ဆုံးသောနေ့ရက်များဆိုင်ရာ သူ၏အမြင်သည် အနာဂတ်အတွက် ခရစ်ယာန်မျှော်လင့်ချက်အကြောင်း သူသွန်သင်သည့်အရာများ၏ အခြေခံလည်းဖြစ်သည်။

**ခရစ်ယာန်မျှော်လင့်ချက်။** ပေါလုသည် တမန်တော်တစ်ဦးအနေဖြင့် သူ၏အမှုတော်တွင် ဆင်းရဲဒုက္ခများစွာကို ကြုံတွေ့ခဲ့ပြီး၊ ခရစ်ယာန်အားလုံးသည် တစ်နည်းမဟုတ်တစ်နည်း ခံစားနေရသည်ကို သူသိသည်။ သို့သော် သူ၏စာများတွင်၊ ခရစ်တော်သည်ခရစ်ယာန်များကို မျှော်လင့်ချက်ပေးရန် ပြန်လည်ကြွလာမည်ဟူသော သူ၏ခံယူချက်အတွက် အနည်းဆုံးနည်းလမ်းနှစ်ခုကို ပေါလုကျင့်သုံးခဲ့သည်။

တစ်ဖက်တွင်၊ ခရစ်တော်၏နောက်လိုက်များသည် နောင်ကာလ၏ကောင်းချီးမင်္ဂလာများအား စတင်ခံစားနေပြီဖြစ်ကြောင်း ထောက်ပြခြင်းဖြင့် ပေါလု၏နောက်ဆုံးသောကာလသည် မျှော်လင့်ချက်ပေးသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသက်တာကိုကြည့်ရှုပြီး ရုန်းကန်မှုများကြားတွင်ပင် ကျွန်ုပ်တို့ ပိုင်ဆိုင်ထားပြီးဖြစ်သောကောင်းချီးမင်္ဂလာများကိုအသိအမှတ်ပြုသည့်အခါ၊ ၎င်းသည် ကျွန်ုပ်တို့၏ အနာဂတ်တွင် ပို၍ကြီးမားပြီး ပြည့်ဝသောကောင်းချီးမင်္ဂလာများကိုရရှိမည်ဟူသည့် မျှော်လင့်ချက်ကို ပေးပါသည်။ ပေါလုသည် ၂ ကောရိန္သု ၄:၁၆-၁၈ တွင် ရေးသားခဲ့သည့်အတိုင်း_

> ထိုကြောင့်ငါတို့သည် အားလျော့စိတ်ပျက်ခြင်းနှင့်ကင်းလွတ်ကြ၏။ ငါတို့၏ ပြင်လူသည် ဖောက်ပြန် ပျက်စီးခြင်းသို့ရောက်သော်လည်း၊ အတွင်းလူမူကား တနေ့ထက်တနေ့ ပြုပြင်ခြင်းကိုခံရ၏။…ထင်ရှားသော အရာတို့ကို မကြည့်မမှတ်ဘဲ မထင်ရှားသောအရာတို့ကို ကြည့်မှတ်စဉ်အခါ၊ (၂ ကောရိန္သု ၄:၁၆-၁၈)။

တစ်ဖက်တွင်၊ ပေါလုသည် ခရစ်တော်ပြန်လည်ကြွလာသောအခါ ဖြစ်ပေါ်လာမည့်ကောင်းချီး မင်္ဂလာများသည် အံ့သြဖွယ်ကောင်းကြောင်း ထောက်ပြခြင်းဖြင့် ဤဘဝတွင် ကျွန်ုပ်တို့ကြုံတွေ့နေရ သော စမ်းသပ်မှုများအားလုံးကို လုံးဝလွှမ်းမိုးသွားမည်ဖြစ်ကြောင်း ခရစ်ယာန်များအား မျှော်လင့်ချက် ပေးခဲ့သည်။ ရောမ ၈:၁၈ တွင် ဤယုံကြည်ချက်သည် ပေါလုကိုဤသို့ရေးသားရန် တွန်းအားပေးခဲ့သည်_

> ငါတို့အား ပေါ်ထွန်းလတံ့သော ဘုန်းကိုထောက်သော်၊ ယခုမျက်မှောက်ကာလ၌ ခံရသော ဆင်းရဲဒုက္ခကို ပမာဏမပြုထိုက်ဟု ငါသဘောရှိ၏ (ရောမ ၈:၁၈)။

ယခုမျက်မှောက်ခံရသော ဒုက္ခဆင်းရဲခြင်းများသည် ယာယီသာဖြစ်သည်။ ယေရှုသည် နောက်ဆုံးတွင် ဤဆိုးယုတ်သောမျက်မှောက်ကာလကို အဆုံးသတ်ပြီး၊ သူ၏သားသမီးများအတွက် ဘုန်းအသရေလက်ဆောင်တစ်ခုအဖြစ် ကမ္ဘာကြီးကို ပြန်လည်ဖန်ဆင်းမည်ဖြစ်သည်။

ပေါလုသည် သူ၏သြဝါဒစာများတွင်၊ ခရစ်တော်၏နောက်လိုက်များသည် ဤဘဝတွင် ဆင်းရဲဒုက္ခခံရကြောင်း အကြိမ်များစွာဝန်ခံခဲ့သည်။ သို့သော် ကျွန်ုပ်တို့သည် မမြင်ရသည့်အရာကို ကြည့်ရှုရန်နှင့်ခရစ်တော်ပြန်လာသောအခါ ကျွန်ုပ်တို့ရရှိမည့်ဘုန်းအသရေနှင့် လက်ရှိအခက်အခဲများကို နှိုင်းယှဉ်ရန် မဟုတ်သည်ကို ဆင်ခြင်သုံးသပ်ရန်ဖြစ်ကြောင်း သူဖော်ပြခဲ့သည်။

> ရောမ ၈ တွင်ပေါလုက ကျွန်ုပ်တို့၏ယခုမျက်မှောက်ဆင်းရဲဒုက္ခများနှင့် ကျွန်ုပ်တို့၌ထင်ရှားမည့် ဘုန်းအသရေကို နှိုင်းယှဉ်ရန်ပင် မထိုက်တန်ကြောင်း ဆိုထားသည်။ ဤဘုန်းကြီးသော အနာဂတ်မျှော်လင့်ချက်နှင့် ယခုမျက်မှောက် ဆင်းရဲဒုက္ခ၏အဖြစ်မှန်ကြား ပေါလုမည်သို့ခွဲခြားဖော်ပြသည်ကို သတိပြုစေ လိုပါသည်။ ပထမဦးစွာ ကျွန်ုပ်တို့သတိပြုလိုသည့်အရာမှာ ပေါလုသည် "ယခုမျက်မှောက်ဆင်းရဲဒုက္ခများကို ငြင်းပယ်ခြင်း၊ ၎င်းတို့သည် အမှန်တကယ် ဖြစ်ကြောင်းကို ငြင်းဆိုခြင်း၊ ၎င်းတို့သည် နာကျင်ကြောင်းကို ငြင်းဆိုခြင်း" ကိုပြောဆိုခြင်းရှိ... မရှိဖြစ်သည်။ ပေါလု၏ဆင်ခြင်သုံးသပ်ချက်သည် ဆန့်ကျင်ဘက်ဖြစ်သည်။ သူဤသို့ဆိုသည်"ပျက်စီးနေသော ဤလောက၌ ဆင်းရဲဒုက္ခနှင့် ဝမ်းနည်းခြင်းအကြောင်း သင်သိသမျှကိုခံယူ၍ ၎င်းကိုချဲ့ထွင် လော့၊ ၎င်း၏ပြည့်စုံမှုကိုကြည့်ကာ ဘုရားသခင်၏ဘုန်းတော်သည် ထိုထက်သာ၍ကြီးမြတ်ကြောင်းကို သိမှတ်လော့။" ထို့ကြောင့်၊ ပေါလု၏ ဆင်ခြင်သုံးသပ်ချက်သည် အနည်းငယ်မှကြီးမားခြင်းသို့ သာ၍ကြီးသော ဘုန်းအသရေသည် လွှမ်းမိုးပြီး၊ အနည်းစု၏ဝမ်းနည်းခြင်းမျက်ရည်အားလုံးကို သုတ်ပေးမည် ဟူ၍ဖြစ်သည်။
>
> **Dr Jimmy Agan**



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဂုံး

ဤသင်ခန်းစာတွင် ပေါလု၏အသက်တာနှင့် သူ၏ဓမ္မပညာတို့ကြား အပြန်အလှန်ဆက်နွှယ်မှုကို သတိပြုခြင်းဖြင့်၊ ပေါလု၏ဓမ္မပညာဆိုင်ရာအဓိကအချက်ကို စတင်လေ့လာခဲ့ပါသည်။ ယုဒလူမျိုးနှင့် တစ်ပါးအမျိုးသားတို့နှင့်ဆက်စပ်သည့် ပေါလု၏ယဉ်ကျေးမှုနောက်ခံသည် သူ၏ဓမ္မပညာကို နက်ရှိုင်းစွာ ပုံဖော်ပုံကို ကျွန်ုပ်တို့သတိပြုခဲ့သည်။ သူ၏ဩဝါဒစာများကိုပေးပို့ခဲ့သော ခရစ်ယာန်အသင်းတော်များ၏ လက်တွေ့ကျသောလိုအပ်ချက်များအတွက် သူ၏ဓမ္မပညာကိုကျင့်သုံးရန် ပေါလု၏တမန်တော်ဆိုင်ရာ အမှုတော်သည် သူ့အား လမ်းပြခဲ့သည့်နည်းလမ်းအချို့ကို ကျွန်ုပ်တို့လေ့လာခဲ့သည်။ ထို့ပြင် ပေါလု၏ “ယခုမဖြစ်သေး” ဟူသည့် သူ၏နောက်ဆုံးသောကာလဆိုင်ရာ ရှုမြင်ပုံကို ကျွန်ုပ်တို့လေ့လာခဲ့ရာ၊ သူယုံကြည်သမျှနှင့် သူ၏ဩဝါဒစာများတွင် သူရေးခဲ့သမျှတို့ကိုလွှမ်းခြုံထားသည့် ဓမ္မပညာဆိုင်ရာ အဓိကအမြင်များကို မည်သို့ဖွဲ့စည်းခဲ့သည်ကို ကျွန်ုပ်တို့လေ့လာခဲ့သည်။

ပေါလုနှင့် သူ၏ဓမ္မပညာအပေါ် ဤရှုမြင်သုံးသပ်ချက်များသည် မည်မျှအရေးကြီးသည်ကို ခန့်မှန်းရန် အလွန်ခက်ခဲပါသည်။ ၎င်းသည် ဓမ္မသစ်ကျမ်းရေးသူသည် သူ၏ကာလ၌ ခရစ်ယာန်အသင်းတော်အား သွန်သင်ခဲ့သည့်အရာ၏မူလအဓိပ္ပာယ်ကို နားလည်ရန် လမ်းဖွင့်ပေးသည်။ ထို့ပြင် ကိုယ်တော်၏မြင့်မြတ်သည့်ကျမ်းစာများကို ကျွန်ုပ်တို့ဘဝတွင် ကျင့်သုံးသင့်သည့် နည်းလမ်းများကိုလည်း ၎င်းတို့သည် ထောက်ပြသည်။ ပေါလု၏စာများကိုကျွန်ုပ်တို့ဖတ်ရှုသည့်အခါတိုင်း၊ သူ၏ယဉ်ကျေးမှုနောက်ခံ၊ သူ၏တမန်တော်ဆိုင်ရာအမှုတော်နှင့် နောက်ဆုံးသောနေ့ရက်များနှင့်ပတ်သက်သော သူ၏အဓိက ယုံကြည်ချက်များကို ကျွန်ုပ်တို့ ဆက်လက်ကြည့်ရှုရမည်ဖြစ်သည်။ ကျွန်ုပ်တို့လုပ်ဆောင်သည်နှင့်အမျှ၊ ကနဦးအသင်းတော်တွင် ပေါလုသွန်သင်ခဲ့သည့်အရာကို ပိုမိုနက်ရှိုင်းစွာ ကျွန်ုပ်တို့သိရှိနိုင်မည်ဖြစ်ပြီး၊ ခရစ်တော်၏နောက်လိုက်များသည် ပေါလု၏သွန်သင်ချက်များကို မျိုးဆက်တိုင်းတွင် မည်သို့လက်ခံ သင့်သည်ကို ပိုမိုရှင်းလင်းစွာတွေ့မြင်နိုင်မည်ဖြစ်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။